# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဗြဟ္မဏ

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၂၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၇၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ် နှစ် (၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့** *ဖတ် စ ရာ*

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 တတိယနေ့ ဆက်လက်ကျင်းပ

ပြည်တွင်းသတင်း | စာ ၈



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၇)

ဆောင်းပါး | စာ ၁၀

# တပ်မတော်နှင့်ပြည်သူ အတူတကွ လက်တွဲကြိုးပမ်း

ယနေ့သည် မြန်မာ့လွတ်လပ်ရေးသမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့သည့် မြန်မာ့တပ်မတော်၏ နှစ် (၈၀) ပြည့် တပ်မတော်နေ့ ဖြစ်သည်။ တပ်မတော်သည် နှစ်ပေါင်း ၈၀ ကာလအတွင်း နိုင်ငံ့လွတ်လပ်ရေးကို ရယူဆောင်ကြဉ်းပေးခဲ့သည့်အပြင် လွတ်လပ်ရေးရပြီးသည့်နောက် နိုင်ငံနှင့်လူမျိုးတို့အပေါ် ကျရောက်လာသည့် ပြည်တွင်း ပြည်ပဘေးအန္တရာယ်များမှလည်း ကာကွယ်ခဲ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်တို့မှာ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ ဖြစ်တည်လာခဲ့သည့် သမိုင်းကြောင်းနောက်ခံနှင့် လက်ရှိနိုင်ငံ၏ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးအစရှိသည့် ပကတိဖြစ်တည်နေမှုများအပေါ်တွင် အခြေပြုကာ အမျိုးသားအကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံးကို မျှော်မှန်းရေးဆွဲ ပြဋ္ဌာန်းကြခြင်းပင်ဖြစ်ပြီး အခြေအနေ၊ အချိန်အခါအရ နိုင်ငံ၏အကျိုးစီးပွားအတွက် လိုအပ်ပါက ပြင်ဆင်နိုင်ရန်လည်း ထည့်သွင်းပြဋ္ဌာန်းထားကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် တပ်မတော်၏ အခန်းကဏ္ဍများ ထည့်သွင်းဖော်ပြထားခြင်းသည် မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်း အတွေ့အကြုံများနှင့် ပစ္စုပ္ပန်ကာလ အခြေအနေများအရ နိုင်ငံအကျိုးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့်လတ်တလောဖြစ်ရပ်များတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်အဖွဲ့အစည်းများက ဒေသအများအပြားတွင် အဖျက်လုပ်ရပ်နှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်နေကြသည့်အပြင် ပြည်သူလူထုအတွင်း လက်နက်ဖြင့် အကြောက်တရားဖြစ်ပေါ်အောင် ဖန်တီး၍ လူသစ်စုဆောင်းမှုများ၊ လူမျိုးရေးမုန်းတီးမှုများဖြစ်ပေါ်အောင် လှုံ့ဆော်မှုများ အရှိန်မြှင့်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်း၌ စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်နှင့် ပြည်သူလူထုအတွင်း လွဲမှားသည့်အတွေးအခေါ်များ ဖြစ်ပေါ်စေရန်အတွက် သတင်းတု၊ သတင်းမှားများဖြင့် သတင်းအဆိပ်ခပ်မှုများကို ပြည်ပြေး၊ ပြည်ဖျက်မီဒီယာများကလည်း ပြုလုပ်နေကြသည်။ စင်စစ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အကြမ်းဖက်ပြည်ပြေး အဖျက်အုပ်စုတို့၏ လုပ်ရပ်များမှာ ၎င်းတို့၏ အကျိုးစီးပွားအတွက်သာ ရှေးရှုနေပြီး နိုင်ငံပြိုကွဲပျက်စီးမှုဆီသို့သာ ဦးတည်နေခြင်းဖြစ်သည်။ သို့ဖြစ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်များ အပါအဝင် လုံခြုံရေးတပ်ဖွဲ့များသည် ပြည်သူလူထုနှင့်အတူ လက်တွဲကာ အကြမ်းဖက် အဖျက်သောင်းကျန်းသူများကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည့် ဒေသများကို တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် အဖျက်သမား သောင်းကျန်းသူများကို နှိမ်နင်းမှုများ ပြုလုပ်လျက်ရှိရာ အောင်ပွဲများ ရရှိလျက်ရှိသည်။

ပစ္စုပ္ပန်ကမ္ဘာကြီးတွင်လည်း နိုင်ငံတကာ ဆက်ဆံရေးမြင်ကွင်းများမှာ လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်လျက်ရှိရာ ယင်းအပြောင်းအလဲများက မြန်မာနိုင်ငံ၏ အနာဂတ်ကို အလားအလာကောင်းများ ဆောင်ကြဉ်းပေးနိုင်သည့် အနေအထားမျိုးပင်ဖြစ်သည်။ မတ် ၂၄ ရက်က နေပြည်တော်တွင် ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “လာမည့်ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း” ထည့်သွင်းပြောကြားခဲ့ရာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုတို့ လွှမ်းခြုံနိုင်သည်နှင့် အမျှ ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သော လွတ်လပ်၍ တရားမျှတသည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို ရာနှုန်းပြည့်အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်သည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လမ်းစမုခ်ဦးဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး နိုင်ငံတစ်ဝန်းလုံးတွင် အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် တပ်မတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဦးတည်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

## နွေဦးပုရစ်နှင့် ပြည်သူ့စစ်တေးသံ

☆ ရာသီဒဏ် ပူဒဏ်ပြင်း
နွေအခင်း ဂိမှာန်ခါ၊
ရွက်သစ်လွှာ ဖူးပုရစ်
ခင်းစစ်ဗျူဟာ။
ဂိမှာန်ကို မမှုပါ
တွန်းလှန်ကာ တစ်ရွက်တစ်ထမ်း၊
ပင်တကာ စိမ်းစိုလန်း
ရွက်သစ်လွှာ မာလာပန်း
ရောင်စုံဖြာ ဘဝင်ချမ်း
မြိုင်ဟေမာ အုံ့မခန်း
တောလုံးအောင်ပန်း။

☆ ပြည်ပသူ အကူရ
မြောက်ကြွကြွ အလံထောင်၊
စစ်ဘေးရှောင် အနန္တ
ဒုက္ခ ရာ ထောင်။
တည်ငြိမ်မှု ပျက်ပြားအောင်
တစ်စင်ထောင်လှုပ်ရှား၊
မြို့ကျေးရွာ ရတက်ပွား
ကွက်တိ ကွက်ကျား။

☆ မျိုးဆက်သစ် စစ်မှုထမ်း
ပြဋ္ဌာန်းလို့ စည်းရုံးလာ၊
ကိုယ်စီမှာ တာဝန်ရှိ
အသိယှဉ်ကာ။
ပြည်သူ့စစ် မဟာဗျူဟာ
စည်းရုံးကာ မြန်မနှေး၊
မြို့ကျေးရွာ သာယာရေး
ကြွေးကြော်ကာ ကြာသံပေး
ပြည်သူ့စစ်တေး။ ။

ကျော်စောဟန်

### အစိုးရဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ ကျင်းပ

နေပြည်တော် မတ် ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဒုတိယနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၁၃၄ ပါး/ဦးအနက် ၁၁၉၄၀ ပါး / ဦး ဖြေဆိုကြသဖြင့် ၈၄ ဒသမ ၄၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

သတင်းစဉ်

### ၂၆-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၆၁၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fominနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ စစ်သည်၊စစ်သမီးများ၏ "ပန်းသုံးပွင့်၏ အဘိဓမ္မာ" ပြဇာတ် တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

❖ *ရှေ့ဖုံးမှ*

အကြိုဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် နှစ် (၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fominနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်၊ ဒုတိယဆင့်နှင့် တတိယဆင့် မော်ကွန်းဝင် ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင်ဆုရရှိကြသူများ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အနုပညာရှင်များ၊ ရုရှားတပ်မတော်သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များက မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အကြိုဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင် စစ်သည်၊စစ်သမီးများ၏ **"ပန်းသုံးပွင့်၏ အဘိဓမ္မာ"** ပြဇာတ် တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြုကန်တော့စဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

**နေပြည်တော် မတ် ၂၆**

မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

### ဂါရဝပြုကန်တော့

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၁၅ ဦးနှင့် ဇနီးခြောက်ဦးတို့ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ တက်ရောက်ဂါရဝပြုကန်တော့ကြသည်။



ကန်တော့ခံ အငြိမ်းစား တပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန် ဩဝါဒစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အငြိမ်းစားတပ်မတော်အရာရှိကြီးအား ဂါရဝပြုလက်ဆောင်ပစ္စည်း ရိုသေစွာ ဂါရဝပြုပေးအပ်စဉ်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာတွင် တပ်မတော်၏အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့် တပ်မတော်၏ တာဝန်များကို လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပြီး ယခုအခမ်းအနားသို့တက်ရောက်လာကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများသည် မိမိတို့၏ မိဘဆရာများပင်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရရှိပြီးသည့် အချိန်မှစတင်၍ တပ်မတော်သည် တိုင်းပြည်အတွက်ဖြစ်ရမည်ဆိုသည့်စိတ်ဖြင့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သည် နိုင်ငံ၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်သားများသည် ပြည်သူလူထု၏ အစိတ်အပိုင်းများဖြစ်သဖြင့် ပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါအရင်းခံသည့်စိတ်ကို ယခင်အစဉ်အဆက် တပ်မတော်တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများက မွေးမြူ၍လက်ဆင့်ကမ်းပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ *စာမျက်နှာ ၅ သို့*

**○ “ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးပြီ” ဟူသည့် ဆိုစကားအတိုင်း တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ခေတ်စနစ်အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီးဖြစ်ပြီး တိုင်းပြည်ကို ဖြိုခွဲဖျက်ဆီးသော ပြည်တွင်း၊ ပြည်ပ ရန်စွယ်အန္တရာယ်အမျိုးမျိုးကို အကြိမ်ကြိမ် တွန်းလှန်ဖယ်ရှားခဲ့ပြီးဖြစ်သကဲ့သို့ ပြည်ပကျူးကျော်မှုကို ကာကွယ်ရေး၊ ပြည်တွင်းဆူပူသောင်းကျန်းမှုကို တားဆီးရေးတို့ သာမက အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုတို့ မပျောက်ပျက်ရေးတို့ကိုပါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့် တပ်မတော်ဖြစ်**

---

*စာမျက်နှာ ၃ မှ*

### ဂုဏ်ပြုပန်းခြင်းများပေးအပ်

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စစ်သည်၊ စစ်သမီးများအား အမှတ်တရ ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

### စိတ်ချမ်းမြေ့ကြည်နူးစွာကြည့်ရှု

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအဝင် လမ်းမကြီးတစ်လျှောက်တွင် တပ်မတော် ရေယာဉ်၊ ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာ ဂုဏ်ပြုပုံဖော်ထွန်းညှိထားရှိကြောင်းနှင့် တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ချမ်းမြေ့ကြည်နူးစွာ ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

"ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးပြီ" ဟူသည့် ဆိုစကားအတိုင်း တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ခေတ်စနစ်အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီးဖြစ်ပြီး တိုင်းပြည်ကို ဖြိုခွဲဖျက်ဆီးသော ပြည်တွင်း၊ ပြည်ပ ရန်စွယ်အန္တရာယ်အမျိုးမျိုးကို အကြိမ်ကြိမ်တွန်းလှန်ဖယ်ရှားခဲ့ပြီးဖြစ်သကဲ့သို့ ပြည်ပကျူးကျော်မှုကို ကာကွယ်ရေး၊ ပြည်တွင်းဆူပူသောင်းကျန်းမှုကို တားဆီးရေးတို့ သာမက အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုတို့ မပျောက်ပျက်ရေးတို့ကိုပါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့် တပ်မတော်ဖြစ်ကြောင်း၊ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကောင်းဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ပြီး ယခုနှစ်ကုန်ကာလတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်၍ အနိုင်ရရှိသည့်ပါတီအား နိုင်ငံတော်၏တာဝန်များကို စနစ်တကျ ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံ ဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက်ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အငြိမ်းစားတပ်မတော်အရာရှိကြီးအား ဂါရဝပြုလက်ဆောင်ပစ္စည်း ရိုသေစွာ ဂါရဝပြုပေးအပ်စဉ်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို တစိုက်မတ်မတ် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူကအားကိုးရသည့် တပ်မတော်၊ တိုင်းပြည်က အားထားရသည့်တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**အစဉ်အလာကောင်းတစ်ခုဖြစ်**

အငြိမ်းစား တပ်မတော်အရာရှိကြီးများအနေဖြင့် တပ်မတော်နေ့ကျရောက်သည့် အခါသမယများ၌ ယခုကဲ့သို့ကန်တော့ခံအခမ်းအနားများသို့တက်ရောက်ချီးမြှင့်ပေးသည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ **ဗုဒ္ဓဘာသာ အစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက် ရိုသေလေးစားမှုဖြင့် ကျေးဇူးတရားကို သိရှိစွာဂါရဝပြုကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းတစ်ခုပင် ဖြစ်**ပါကြောင်း၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများ၏ လမ်းညွှန်သြဝါဒများကိုလည်း ခံယူလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

**အသိအမှတ်ပြု ဂုဏ်ယူအားပေးလျက်ရှိ**

ထို့နောက် ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့က ယခုကဲ့သို့ နှစ်စဉ်နှစ်တိုင်း မိမိတို့ကဲ့သို့ တပ်မတော်အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများအား ဂါရဝပြုကန်တော့ခြင်းသည် တပ်မတော်၏ ကောင်းမြတ်သည့် ဂုဏ်ယူဖွယ် အစဉ်အလာကောင်းတစ်ခုဖြစ်ကြောင်း၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးဆောင်မှုဖြင့် တပ်မတော်၏ အရေးကိစ္စရပ်များအပြင် တိုင်းပြည်တည်ငြိမ်**

- **တပ်မတော်သည် ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားအားလုံး ပေါင်းစုနေထိုင်သည့် ပြည်ထောင်စုကြီး မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်း ပြည်ပအန္တရာယ် ရန်စွယ်ဟူသမျှကို တွန်းလှန်ကာကွယ်ခဲ့သည့် အစဉ်အလာကောင်းများရှိသော တပ်မတော်ဖြစ်**
- **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် ဖြစ်သဖြင့် တပ်မတော်၏ ကောင်းမြတ်သည့် သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ စွမ်းရည်စွမ်းအားမြှင့်တင်ရေးကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားကြရမည်**

**အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် နေ့မနားညမအား ဆောင်ရွက်နေမှုကို အသိအမှတ်ပြု ဂုဏ်ယူအားပေးလျက်ရှိနေ**ကြောင်း၊ တပ်မတော်သားများအနေဖြင့်လည်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို နေ့မနားညမအား တာဝန်ထမ်းဆောင်နေကြကြောင်း၊ **တပ်မတော်သည် ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားအားလုံး ပေါင်းစုနေထိုင်သည့် ပြည်ထောင်စုကြီး မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပအန္တရာယ် ရန်စွယ်ဟူသမျှကို တွန်းလှန်ကာကွယ်ခဲ့သည့် အစဉ်အလာကောင်းများရှိသော တပ်မတော်ဖြစ်**ကြောင်း၊ **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သဖြင့် တပ်မတော်၏ကောင်းမြတ်သည့် သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ စွမ်းရည်စွမ်းအားမြှင့်တင်ရေးကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ တိုင်းပြည်ကိုတည်ဆောက်ရာတွင် တပ်မတော်အင်အားရှိရန် အဓိကအရေးကြီးကြောင်း၊ အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့ရချိန်တွင်လည်း အောင်မြင်စွာ ကျော်ဖြတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် အခြားသြဝါဒစကားများကို ပြောကြားကြသည်။

**ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြု ပေးအပ်ကြသည်။

**အမှတ်တရစုပေါင်းဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့်နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခို နေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်တွေ့ဆုံဂါရဝပြု နှုတ်ဆက်သည်။

**လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး**

ထိုသို့ တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်းလိုက်လံဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး စွမ်းရည်စွမ်းပကားမြင့်မားစေရေးအတွက် မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့

*စာမျက်နှာ ၇ သို့*







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်စဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၆ မှ*

တက်ရောက် ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှုနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းပညာရေးအပြင် ကျောင်းပြင်ပ ပညာရေးနှင့် စာကြည့်တိုက် လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစား တပ်မတော်အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံ့တာဝန်များကို ဘက်ပေါင်းစုံမှ လစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးအသိအမှတ်ပြုလျက်ရှိမှု၊ နိုင်ငံတော် အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်စေရေး၊ တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆုမွန်ကောင်းတောင်းလျက်ရှိမှုနှင့် အခြားဩဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၆**

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်းသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။




စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ”တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောင်ရွက်ပြီး “ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး” ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်မြတ်ဦးနှင့် ဒေါက်တာအေးမောင်တို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း) က ဆောင်ရွက်ပြီး “ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး” ခေါင်းစဉ်ဖြင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး (ငြိမ်း)နှင့် ဦးကိုကိုကြီးတို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက်ရရှိလာသည့် သဘောထားများကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍဆိုင်ရာ ဆွေးနွေးချက်အကြောင်းအရာများအပေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)က ပြန်လည်သုံးသပ်ဆွေးနွေးသည်။ ယင်းနောက် စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာဆွေးနွေးချက်အကြောင်းအရာများအပေါ် စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍနှင့်စပ်လျဉ်း၍ သုံးရက်တာ ဆွေးနွေးပွဲရလဒ်များကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ သုံးရက်တာ ဆွေးနွေးပွဲရလဒ်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ အဖွဲ့(၁)ကိုယ်စား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(ကရင်ပြည်နယ်) ဒုတိယဥက္ကဋ္ဌ (၂)နန်းစေအွာနှင့် အဖွဲ့(၂)ကိုယ်စား ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က ကျေးဇူးတင်စကားများ ပြောကြားသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သုံးရက်တာ ငြိမ်းချမ်းရေးစကားဝိုင်းမှ ရရှိခဲ့သည့် သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အတွက် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ ရရှိခဲ့သည့် သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များအား လက်တွေ့ပြန်လည် အသုံးချနိုင်ရန် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် NSPNC အနေဖြင့် ငြိမ်းချမ်းရေးစကားဝိုင်းများအား အခါအားလျော်စွာ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ (အပေါ်ဝဲပုံ) **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဥပဒေအသိပညာပြန့်ပွားရေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# ဥပဒေအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၆**

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်း ၁၅၀ တက်ရောက်ကြသည်။

**သိရှိလိုက်နာရန်လို**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဥပဒေကို နိုင်ငံသားတိုင်း သိရှိလိုက်နာရန်လိုအပ်ပြီး ဝန်ထမ်းများသည်လည်း မိမိတို့ဌာန၏ ဥပဒေ၊ နည်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို နားလည်တတ်ကျွမ်းလေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို သိရှိလိုက်နာကျင့်သုံး ဆောင်ရွက်နိုင်စေရေး ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် တာဝန်ရှိသူများက စာချုပ်စာတမ်းများ စိစစ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများ၊ ရုပ်ရှင်ဥပဒေ၊ နည်းဥပဒေများ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေး ဥပဒေနှင့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးရှင်းလင်းကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**သတင်းစဉ်**

## မိုင်းဖြတ်မြို့နယ်၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘက်စုံသုံးခန်းမဆောင်သစ်ဖွင့်

**မိုင်းဖြတ် မတ် ၂၆**

မိုင်းဖြတ်မြို့နယ်၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်သည့် ဘက်စုံသုံးခန်းမဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်က ပါလောင်းကျေးရွာရှိ ခန်းမဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေလွင်က ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းအကြောင်းနှင့် ကျေးရွာခန်းမဆောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဘက်စုံသုံးခန်းမဆောင်သစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုး၊ အဖွဲ့ဝင် ဦးထွန်းရွှေနှင့် အဖွဲ့ဝင် ဦးညီဝင်းထွန်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ခင်မေလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါခန်းမဆောင်ကို ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၇၄ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇၆ သိန်းဖြင့် အလျား ၄၅ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေ အတိုင်းအတာရှိ အာရ်စီတစ်ထပ် အမျိုးအစားဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# လက်ရှိကာလမှာ ပြည်သူလူထုတွေ့ကြုံနေရတဲ့ အခက်အခဲ အကျပ်အတည်းတွေကို ရေတိုမှာ ဖြေရှင်းနိုင်ပြီး ရေရှည်မှာ ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ဖို့အတွက် မျှော်လင့်ထားပါတယ်

ဒေါက်တာညိုညိုသင်း


ဒေါက်တာ ညိုညိုသင်း


ဒေါက်တာအေးမောင်


နိုင်အောင်မငေး


စောစိန်ဝင်း


နန်းစေအွာ


ဦးစိုင်းအိုက်ပေါင်း

**"တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့"** ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲကို မတ် ၂၄ ရက်မှ စတင်၍ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ သုံးရက်တာ ကျင်းပခဲ့ရာ ယနေ့စကားဝိုင်း ဆွေးနွေးပွဲ တတိယနေ့တွင် ပါဝင်တက်ရောက် ဆွေးနွေးကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါက်တာ ညိုညိုသင်း**

**ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့**

ဒီဆွေးနွေးပွဲမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ ပြောင်းလဲရေးအတွက် ပြည်သူလူထုကိုယ်စား ပြင်သင့်ပြင်ထိုက်တာတွေကို ဒီဆွေးနွေးပွဲမှာ လာရောက်တင်ပြဆွေးနွေးခဲ့ပါတယ်။ ပြည်သူလူထုရဲ့သဘောထားတွေကို တရားဝင်တင်ပြခွင့်ရတဲ့ စကားဝိုင်းတစ်ခုဖြစ်ပါတယ်။ မြန်မာပြည်သူလူထုနဲ့ တိုင်းပြည်ရဲ့ နောင်ရေးအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရတဲ့ပွဲလည်း ဖြစ်ပါတယ်။

လာမယ့် ဆွေးနွေးပွဲတွေမှာ ဒီထက်ပိုပြီး နိုင်ငံရေးအင်အားစုတွေ ပါဝင်လာဖို့ မျှော်လင့်ပါတယ်။ ဆွေးနွေးပွဲမှာ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတွေတိုးလာပြီး ယုံကြည်မှုတွေ တည်ဆောက်လာနိုင်ပြီး ဆွေးနွေးပွဲမှာ မပါသေးတဲ့ အင်အားစုတွေကိုလည်း ဖိတ်ခေါ်ပြီး တိုင်းပြည်နောင်ရေး အတွက် ဆွေးနွေးကြဖို့၊ တိုင်ပင်ကြဖို့နဲ့ ညှိနှိုင်းကြဖို့ ဒီဆွေးနွေးပွဲဟာ အစအဦးတစ်ခုဖြစ်တယ်လို့ ယုံကြည်ပါတယ်။

အခုလက်ရှိအခြေအနေမှာ ပြည်သူလူထုရင်ဆိုင်နေရတဲ့ အခက်အခဲတွေ၊ အကျပ်အတည်းတွေ၊ ဒီအခြေအနေတွေကို ပြန်ပြီးတော့ ကောင်းမွန်လာဖို့အတွက် နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေ၊ ပညာရှင်တွေ အဖြေရှာကြဖို့လိုပါတယ်။ ဆွေးနွေးကြရမယ်၊ တိုင်ပင်ကြရမယ်၊ ညှိနှိုင်းကြရမှာဖြစ်ပါတယ်။ လက်ရှိကာလမှာ ပြည်သူလူထုတွေ့ကြုံနေရတဲ့ အခက်အခဲ အကျပ်အတည်းတွေကို ရေတိုမှာ ဖြေရှင်းနိုင်ပြီး ရေရှည်မှာ ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ဖို့ အတွက် မျှော်လင့်ထားပါတယ်။

**ဒေါက်တာအေးမောင်**

**ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ**

ဒီနေ့ ဆွေးနွေးပွဲမှာ လက်ရှိနိုင်ငံရေးအခြေအနေ၊ တည်ငြိမ်အေးချမ်းဖို့နဲ့ ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခြေအနေအပေါ်မှာ သုံးသပ်တင်ပြဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးက မြန်မာနိုင်ငံအတွက် လိုအပ်ချက်တစ်ခုဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ စကားဝိုင်းဆွေးနွေး ပြောကြားတဲ့ အချိန်ကလည်း ၂၀၂၅ နှစ်ဦးပိုင်းလို့ ပြောလို့ရတယ်။ နှစ်ကုန်ပိုင်းမှာလည်း ရွေးကောက်ပွဲလုပ်မယ်။ အကြမ်းမဖက်တဲ့ နိုင်ငံရေးနည်းနဲ့ ဆွေးနွေးကြမယ်၊ လူထုပါဝင်တဲ့ ငြိမ်းချမ်းမှုဖြစ်စဉ်တစ်ခု လူထုတောင်းဆိုတဲ့ ငြိမ်းချမ်းမှုဖြစ်စဉ်တစ်ခုဖြစ်မှပဲ လက်နက်ကိုင် ပဋိပက္ခတွေရပ်နိုင်မှာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲအောင်မြင်ဖို့အတွက် တည်ငြိမ်အေးချမ်းမှုရှိဖို့ လိုတယ်။ ရွေးကောက်ပွဲမတိုင်ခင် လုံခြုံမှုရှိဖို့၊ မဲပေးနိုင်ဖို့အတွက် ငြိမ်းချမ်းရေးစကားဝိုင်း- Peace Talk တွေနဲ့ စတာဖြစ်တယ်။ ပညာရပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်တာတွေ ကဏ္ဍအသီးသီးက ပါဝင်တဲ့ ပုဂ္ဂိုလ်တွေ စကားဝိုင်းမှာတွေ့ဆုံဆွေးနွေးကြတယ်ဆိုကတည်းက လူအများစိတ်ဝင်စားမှု ဖြစ်သွားတယ်။

NSPNC အနေနဲ့ ဒီထက်ကြီးကြီးမားမား အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးပွဲကြီးတစ်ခုကို လုပ်သွားရမှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲတွေက ထွက်လာတဲ့ Outcomes တွေကို အကြီးအကဲဘက်က သဘောတူရင် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှု အောင်မြင်သွားမှာဖြစ်တယ်။ ပြေးလမ်းက အခုစပြီး လာမယ့်ရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံ ဒီထက်ပိုပြီး တည်ငြိမ်အေးချမ်းအောင် လုပ်ရမယ်။ ငြိမ်းချမ်းရေး စကားဝိုင်းတွေလည်း ပိုမိုကျယ်ပြန့်လာမှာဖြစ်ပါတယ်။

**နိုင်အောင်မငေး**

**ဗဟိုအလုပ်အမှုဆောင်၊ မွန်ပြည်သစ်ပါတီ**

NCA ရေးထိုးထားတဲ့ မွန်ပြည်သစ်ပါတီအနေနဲ့ တက်ရောက်တာဖြစ်ပါတယ်။ စကားဝိုင်းဆွေးနွေးပွဲ သုံးရက်တာ ဆွေးနွေးချက်တွေကို ပြန်ပြီးတော့ သုံးသပ်မယ်ဆိုရင် ငြိမ်းချမ်းရေးအတွက် အများကြီး အထောက်အကူဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့ဆက်ပြီး ငြိမ်းချမ်းရေးအတွက်၊ ရေရှည်ငြိမ်းချမ်းရေးတည်တံ့ဖို့အတွက် အထောက်အကူအများကြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးရေးတွေက တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်။ ဒါကြောင့်မို့ သုံးရက်တာ ဆွေးနွေးပွဲတက်ရောက်ရတဲ့အပေါ်မှာ ကျွန်တော်တို့အတွက် အများကြီးအထောက်အကူဖြစ်ပါတယ်။ ဆွေးနွေးပွဲက သိရှိရတဲ့အချက်အလက်တွေကို ပြည်သူတွေ၊ ကျွန်တော်တို့ရဲ့ပါတီတွေကို ပြန်ပြီးတော့ ဝေမျှပေးသွားမယ်ဆိုရင် ပိုပြီးအကျိုးရှိမယ်လို့ထင်ပါတယ်။

**စောစိန်ဝင်း**

**ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)**

အခုဖြစ်ပေါ်လာတဲ့ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ အခင်းအကျင်းမှာ အမြင်သဘောထားတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ရခဲ့ပါတယ်။ ဒီဆွေးနွေးပွဲအခင်းအကျင်းကနေ တစ်ဆင့် တာဝန်ရှိလူကြီးတွေက ရှေ့ဆက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်။ အခုလိုစကားဝိုင်းတွေ များများလုပ်နိုင်လေ ပိုကောင်းလေလို့ မြင်ပါတယ်။

စကားဝိုင်းဆွေးနွေးပွဲမှာ အဓိကကတော့ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အဓိကယုံကြည်မှု တည်ဆောက်ရင်းနဲ့ အားလုံးပါဝင်တဲ့အခင်းအကျင်းတစ်ခုကို သွားသင့်တယ်လို့ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ အားလုံးရဲ့အမြင်သဘောထားတွေ စုစည်းနိုင်တဲ့ ဆွေးနွေးပွဲအခင်းအကျင်းတွေကို များများလုပ်ပေးနိုင်လေ ရလဒ်တွေနဲ့ အမြင်သဘောထားတွေကို စုစည်းနိုင်လေဖြစ်မယ်လို့ ထင်ပါတယ်။

**နန်းစေအွာ**

**JMC ကိုယ်စားလှယ်**

ဒီစကားဝိုင်းဆွေးနွေးပွဲ Peace Talk က ပထမဆုံးဖြစ်တယ်။ ပြည်သူလူထုအလွှာပေါင်းစုံကို ချပြနိုင်ဖို့အတွက် ဆက်ပြီးတော့ ဆွေးနွေးပွဲတွေလုပ်သွားဖို့ လိုပါတယ်။ တက်ရောက်လာသူတွေက ပြန်လည်ပြီးတော့ မျှဝေမယ်ဆိုရင် တဖြည်းဖြည်းနဲ့ သိလာကြပြီးတော့ လက်ခံလာမယ် ထင်ပါတယ်။

ကျွန်မတို့ တိုင်းရင်းသားဒေသတွေမှာ ပဋိပက္ခတွေဖြစ်တော့ လုံခြုံမှုက ပိုပြီးတော့ အရေးကြီးပါတယ်။ လုံခြုံမှုမရှိတဲ့ ဒေသတွေမှာ ပြည်သူတွေ ဒုက္ခရောက်ကြရတယ်။ တိုင်းပြည်အေးအေးချမ်းချမ်း ပြန်နေနိုင်ဖို့က အစိုးရမှာ တာဝန်ရှိသလို အခြားအဖွဲ့အစည်းအသီးသီးနဲ့ ပြည်သူတွေမှာလည်း တာဝန်ရှိတယ်။ စကားဝိုင်းတွေ့ဆုံဆွေးနွေးပွဲမှာ ကဏ္ဍစုံက လူတွေပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေ၊ လူငယ်တွေနဲ့ မီဒီယာတွေပါ ဆွေးနွေးပွဲမှာ ပါဝင်လာတယ်။ အခုလိုစကားဝိုင်းတွေကို သုံးလတစ်ခါ ဒါမှမဟုတ် ခြောက်လတစ်ခါ ပြုလုပ်တဲ့အခါမှာ အလွှာပေါင်းစုံကလည်း ပါလာစေချင်တယ်။ အားလုံးပါဝင်မှ ပဋိပက္ခတွေကို ဖြေလျှော့နိုင်မယ်။ ဖြေလျှော့နိုင်မှ ငြိမ်းချမ်းရေးရလာမယ်။ ငြိမ်းချမ်းရေးရမှ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း**

**ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ**

နိုင်ငံတော်အကြီးအကဲက ၂၀၂၅ ဒီဇင်ဘာမှာ ရွေးကောက်ပွဲပြုလုပ်သွားမယ်လို့ ပြောကြားထားတယ်။ တိုင်းပြည်က ဒီမိုကရေစီကို သွားမယ်ဆိုရင် ရွေးကောက်ပွဲက မဖြစ်မနေ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုံခြုံရေးက ရွေးကောက်ပွဲအတွက် အင်မတန်အရေးကြီးတယ်။ ပြည်သူလူထုမဲလာပေးတဲ့အခါမှာ စိုးရိမ်မှုမရှိဖို့ လိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲမတိုင်မီ တိုင်းရင်းသားလက်နက်ကိုင်တွေ အားလုံးကို ဖိတ်ခေါ်ပြီး အားလုံးပါဝင်တဲ့ အစုအဖွဲ့တွေနဲ့တွေ့ဆုံပြီး ညီလာခံကြီးကို ကျင်းပသွားမယ်ဆိုရင် နိုင်ငံအတွက်အများကြီး ကောင်းမွန်လာနိုင်ပါတယ်။ အချင်းချင်းပဋိပက္ခတွေဖြစ်နေမယ့်အစား ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ညှိနှိုင်းဆွေးနွေးသွားရင် အောင်မြင်သွားမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-သန်းကျော်အောင်**

**ဓာတ်ပုံ- ဂျိုင်းလော(သတင်းစဉ်)**

---

❒ *ကျော်ဖုံးမှ*

## ဗိုလ်လုပွဲတက်ရောက်

Young Boy အသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲ တက်ရောက်သွားခြင်းဖြစ်သည်။ Young Boy အသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် အောင်သက်ဆန်း၊ ၃၃ မိနစ်တွင် ပြည့်အောင်သိန်း၊ ၇၄ မိနစ်တွင် ကျော်ပြည့်စုံတို့က သွင်းယူပြီး 10/Mon အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၄ မိနစ်တွင် လွင်ကိုနိုင်က သွင်းယူခဲ့သည်။

ညနေပိုင်းကျင်းပသည့် ဆီမီးဖိုင်နယ် ဒုတိယပွဲတွင် YRFA အသင်းက Zan United အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီသရေကျနေသဖြင့် အချိန်ပို ဆက်လက်ကစားရာ YRFA အသင်းက အနိုင်ဂိုးသွင်းယူပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။ ၅၅ မိနစ်တွင် စိုင်းဇေယျာကျော်က YRFA အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ပွဲပြီးခါနီးတွင် အောင်ဝင်းခန့်က Zan United အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် အချိန်ပို ဆက်ကစားခဲ့ရသည်။ YRFA အသင်းအတွက် အနိုင်ဂိုးကို ၁၂၂ မိနစ်တွင် သက်ပိုင်စိုးက သွင်းယူခဲ့သည်။

Young Boy အသင်းနှင့် YRFA အသင်းတို့၏ ဗိုလ်လုပွဲကို မတ် ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်

ဓာတ်ပုံ-MNL

❖ *ကျော်ဖုံးမှ*

ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)၊ အီရန်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ဥဇဘက်ကစ္စတန်၊ Pot-2 တွင် အိန္ဒိယ၊ ဟောင်ကောင်၊ ဘာရိန်း၊ ဂူအမ်၊ နီပေါ၊ မလေးရှား၊ ဂျော်ဒန်၊ အင်ဒိုနီးရှား၊ Pot-3 တွင် လာအို၊ ယူအေအီး၊ မွန်ဂိုလီးယား၊ လက်ဘနွန်၊ ဘင်္ဂလားဒေ့ရှ်၊ ကာဂျစ္စတန်၊ ပါလက်စတိုင်း၊ ကမ္ဘောဒီးယား၊ Pot-4 တွင် တာဂျစ်ကစ္စတန်၊ စင်ကာပူ၊ တာ့ခ်မင်နစ္စတန်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ တီမော၊ မော်လ်ဒိုက်၊ ဆော်ဒီအာရေဗျ၊ Pot-5 တွင် ဘူတန်နှင့် အီရတ်တို့ ပါဝင်နေသည်။

ခြေစစ်ပွဲ အုပ်စုပွဲများကို ဇွန် ၂၃ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၂၆ အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ၂၀၂၆ ခုနှစ် မတ် ၁ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ဩစတြေးလျ အသင်းအပါအဝင် နောက်ဆုံးကျင်းပသည့် ၂၀၂၂ ပြိုင်ပွဲ လက်ရှိချန်ပီယံ တရုတ်၊ ဒုတိယဆုရ တောင်ကိုရီးယားအသင်းနှင့် တတိယဆုရ ဂျပန်အသင်းတို့မှာ ခြေစစ်ပွဲကန်စရာမလိုဘဲ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်သည်။ ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**






(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့် ပြန်ကြားရေးဝန်ကြီးဌာနပြခန်းကို တွေ့ရစဉ်။ (၁၀-၂-၂၀၂၅)

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၇)

မြင့်စိုး(နတလ)

ရေးရင်းတောင်းပန်၊ တောင်းပန်ရင်း ရေးခဲ့သည်

ကိုမြင့်စိုးရေ… ပန်ဆန်းကို ကိုယ်အရင်ဆုံးသွားခဲ့တာပါကွာ။ ၁၉၈၉ ခုနှစ်မှာ ငြိမ်းချမ်းရေးလုပ်ခဲ့ပေမယ့် ပန်ဆန်း၊ မိုင်းမော၊ ဝိန်းကောင်ဒေသတွေက ကားလမ်းမပေါက်သေးတာမို့ ၁၉၉၃ ခုနှစ် မေလထဲမှာ နမ့်တစ်-မန်ခါးကတစ်ဆင့် တရုတ်ပြည်နယ်စပ် မုန်းအား/ မုန်းလျင်ကနေ ပန်ဆန်းကိုဝင်ရတာ။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတွေကို ကြေးနန်းတွေပို့ပြီး တင်ပြတဲ့အခါ ပေးပို့သူနေရာမှာ ဖဖရ(ပန်ဆန်း)၊ ဖဖရ(ဝိန်းကောင်)၊ ဖဖရ(မိုင်းမော)၊ ဖဖရ(မိုင်းလား) စသည်ဖြင့် ဖွံ့ဖြိုးရေးရဲ့ အတိုကောက်စာလုံး (ဖဖရ)ကိုလည်း ကိုယ်စပြီးသုံးခဲ့တာပါ။ ဒါပေမယ့် မင်းရေးနေတဲ့ ဆောင်းပါးတွေထဲမှာကျတော့ ငါ့နာမည် တစ်ခါမျှမပါဘူးဟေ့။ ထိုသို့ပြောလာသူကတော့ နောင်တော်ကြီး ဦးခင်လတ် (ဗိုလ်မှူးခင်လတ်-ဗသက ၄၉) ဖြစ်သည်။

သည့်အတွက် သူ့ကိုတောင်းပန်ပြီး နောက်အလျဉ်းသင့်ချိန် ရေးသည့် ဆောင်းပါးများထဲတွင် ထည့်သွင်းဖော်ပြပေးခဲ့ရဖူးသည်။ ဟုတ်လည်း ဟုတ်ပါသည်။ ကျွန်တော်တို့ထက် နတလကို စော၍ရောက်ကြသော၊ နယ်စပ်ဒေသများကို စော၍သွားခဲ့ကြရသော၊ စီနီယာလည်းကျသော နောင်တော်ကြီးများစွာထဲက ဗိုလ်မှူးဌေးမြင့်၊ ဗိုလ်မှူးစိုးအောင်၊ ဗိုလ်မှူးသန်းထူး၊ ဗိုလ်မှူးတင်ဝင်းတို့က အငြိမ်းစားဘဝနှင့် ရှိနေကြသည်။ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ (စာရေးဆရာ နီမင်းဆွေ-ကွယ်လွန်)၊ ဗိုလ်မှူးစိုးတင့်(ကွယ်လွန်)၊ ဒုတိယဗိုလ်မှူးကြီးသန်းဌေး (ကွယ်လွန်)၊ ဦးစိန်လင်း(ကွယ်လွန်)၊ ဗိုလ်မှူးတင်လတ်(ကွယ်လွန်) တို့ကတော့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငြိမ်းစားယူပြီး လူ့လောကကြီးကိုပါ နှုတ်ဆက်ထွက်ခွာသွားကြပေပြီ။



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအထိမ်းအမှတ် ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များ လာရောက်ဖျော်ဖြေတင်ဆက်စဉ်။ (၁၅-၂-၂၀၂၅)

နောက်ထပ် ဆောင်းပါးရေးရင်း တောင်းပန်ခဲ့ရသူကတော့ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်မှာ တည်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးထဲက မွန်ရိုးရာအိမ်ကို ကြီးကြပ် တည်ဆောက်ပေးခဲ့သော၊ မွန်ကျောက်စာပညာရှင်လည်းဖြစ်သော အဘ နိုင်ပန်းရှင်ဖြစ်သည်။

တိုင်းရင်းသားကျေးရွာအကြောင်း၊ မွန်အိမ်အကြောင်း၊ နန်းမြင့်မျှော်စင်တွေအကြောင်းရေးရင်းက မွန်ကျောက်စာပညာရှင် အဘ နိုင်ပန်းရှင်ကိုသတိရပြီး ထည့်ရေးရာမှာ ကွယ်လွန်သွားပြီဖြစ်သော…ဆိုပြီး ရေးလိုက်မိသည်။ အမှန်က အဘနိုင်ပန်းရှင်သည် ပြင်ဦးလွင်တွင် ကျန်းမာစွာရှိနေပါသည်။ နောင်မှ သိရ၍ တောင်းပန်ရင်း အမှားပြင်ဆင်ချက်ပေးကာ ထပ်၍ရေးခဲ့ရသည်ကိုလည်း အမှတ်ရမိသည်။ နောက်တစ်ဦးလည်း ရှိပါသေးသည်။ သူကတော့ ပြန်ကြားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးရဲတင့် ဖြစ်၏။

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်းသို့ "မိုခါ"မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် စစ်တွေမြို့သို့ သွားရောက်၍ တာဝန်ထမ်းဆောင်ခဲ့ကြရသည်။ ယင်းသို့တာဝန်ထမ်းဆောင်ကြသော ဝန်ကြီးဌာနအလိုက် လုပ်ငန်းတာဝန်များကိုဖော်ပြ၍ ဂုဏ်ပြုဆောင်းပါးများ ရေးသားတင်ပြခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး တက်ရောက်ခဲ့ရသော ဒုတိယဝန်ကြီးများ၏ အမည်များကို ရေးသားဖော်ပြရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စသည်ဖြင့် အားလုံးပါဝင်ခဲ့ပါသည်။

ဆောင်းပါးတွေ ထွက်လာသောအခါ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ညီလေး ငါ့နာမည်လည်း မပါဘူးဟု ပြောလာပါတော့သည်။ မိမိတို့နေရာအလိုက် ထိုင်နေကြသူတွေကို ကြည့်၍ ရေးလိုက်ခြင်းဖြစ်ရာ နေပြည်တော်သို့ပြန်သွားသော ဦးရဲတင့်နာမည် ကျန်သွားခြင်းဖြစ်၍ တောင်းတောင်းပန်ပန် ပြုလုပ်ပြီး နောက်အပုဒ်တွေထဲမှာ ထည့်ပေးလိုက်ပါသည်။

ယခုလည်း နိဒါန်းချီ၍ ကျွန်တော်စရေးခဲ့သော MSME ဆောင်းပါးတွေကို ရှစ်ပုဒ်မြောက်မှာ ကျွန်တော်ရပ်နားတော့မည် ဖြစ်ပါသည်။ ဆောင်းပါး ၄၊ ၅၊ ၁၀ ပုဒ်လောက်နှင့်တော့ ကျင်းပပြီးစီးခဲ့သော MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးအကြောင်းကို ပြည့်စုံအောင် ဖော်ပြနိုင်စွမ်းရှိမည်မဟုတ်ပါ။ ထို့အတူ ပြခန်းပေါင်း ၉၆ ခန်းနှင့်ပတ်သက်၍ အားလုံးပါဝင်အောင် ကျွန်တော်မရေးနိုင်ခဲ့ပါ။ ဝန်ကြီးဌာနပြခန်းတွေထဲမှာ ကျွန်တော့်ဝန်ကြီးဌာန သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်းများနှင့် ပတ်သက်၍ ရေးရန်ကျန်ရှိခဲ့ပါသည်။

အလားတူ အခြားသောပြခန်းများဖြစ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၏ ပြခန်းများ၊ မြန်မာစီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏

*စာမျက်နှာ ၁၁ သို့*

**○ သူတို့တာဝန်ကျေခဲ့ပါသည်။ သူတို့ဆိုရာဝယ် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းအားလုံးကို ရည်ညွှန်းပါသည်**

**○ ဖွင့်ပွဲ၊ ပိတ်ပွဲနေ့အပါအဝင် နေ့စဉ်ဖျော်ဖြေရေးအစီအစဉ်များလည်းရှိနေလေရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက မေတ္တာစေတနာအပြည့်ဖြင့် လာရောက်ဖျော်ဖြေတင်ဆက်ကြသည်**

**○ သတင်းစာနှင့် ရုပ်မြင်သံကြားတို့မှ တွေ့ဆုံမေးမြန်းသူ၊ ကင်မရာမင်း၊ ဓာတ်ပုံဆရာ စသည့်ဝန်ထမ်းများကလည်း သတင်းရယူရေးသားထုတ်လွှင့်ပေးမှု အလွန်အားကောင်းခဲ့**

*စာမျက်နှာ ၁၀ မှ*

MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းပြခန်းများအကြောင်း ရေးသားတင်ပြရန် ကျန်ရှိခဲ့ပါသည်။ ထိုကဲ့သို့ ပြခန်းပေါင်းများစွာ ကျန်ရှိနေတာချင်းအတူတူ ညီလေး ဒီတစ်ခါရေးရင် ငါ့နာမည်မကျန်ခဲ့စေနဲ့နော်ဟု ကြိုတင်ပြောထားသည့် ဦးရဲတင့် အသံကို ကြားယောင်မိသောအခါ ဆောင်းပါး ဘေးခေါင်းစဉ်လေးကို အောက်ပါအတိုင်း ရေးလိုက်မိချေပြီတမုံ့။

**ပြန်ကြားရေးဝန်ကြီးဌာန**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ ဖွဲ့စည်း၍ ပြည်သူလူထုအား ပြန်ကြားပေးရေး၊ အသိပညာပေးရေးနှင့် ဖျော်ဖြေပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုံနှိပ်မီဒီယာ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာအပါအဝင် Internet ကဲ့သို့ မီဒီယာပုံစံသစ်(New Media) နှင့်ပြည်သူ့ဆက်ဆံရေးနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များက MSME လုပ်ငန်းများနှင့်ပတ်သက်၍ ရိုက်ကူးပြီးထုတ်လွှင့်လိုပါက မည်သို့ရိုက်ကူးပြီး ထုတ်လုပ်ရသည်ကိုပြသခြင်း၊ MRTV မှ ထုတ်လွှင့်သည့်အစီအစဉ်များကို Mobile Phone များမှ အချိန်မရွေးပြန်ပြီး ကြည့်ရှုနိုင်ရန် MRTV Application ကို လာရောက်လေ့လာသူများနှင့် လုပ်ငန်းရှင်များသို့ Install လုပ်ပေးခြင်း၊ လုပ်ငန်းရှင်များ ထုတ်လုပ်သည့် Product များကို အများပြည်သူသိရှိအောင် Promote လုပ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် MSME ပွဲကြီးနှင့်ပတ်သက်၍လည်း ရိုက်ကူးရေးကို နေ့စဉ်ပြုလုပ်၍ Program အနေဖြင့် ထုတ်လွှင့်ပေးခြင်း၊ ထုတ်လွှင့်ချက်များကိုလည်း Application တွင်ထည့်၍ ဆောင်ရွက်ခြင်းအပြင် အခြား Program များကိုလည်းမြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရေဒီယို၊ Social Media၊ Telegram တို့မှ ထုတ်လွှင့် ပြသလျက်ရှိပါသည်။

**သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **“သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ”** ကိုအောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ပါသည် –

(က) ဦးရဲတင့် ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန
(ခ) ဦးအေးကြွယ် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
(ဂ) ဦးကိုကိုနိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်
ထုတ်ဝေရေးဦးစီးဌာန
(ဃ) ဦးသက်ဆွေ အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့်
စာနယ်ဇင်းလုပ်ငန်း
(င) ဦးသက်အောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
(ပြည်တွင်း၊
ပြည်ပဆက်ဆံရေးနှင့်
သတင်းပြန်ကြားရေးဌာနခွဲ)
စက်မှုဝန်ကြီးဌာန
(စ) ဦးရဲနိုင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် –

(က) ပြပွဲအတွင်း ပြန်ကြားရေးဌာနထားရှိခြင်း၊
(ခ) ပြပွဲပြိုင်ပွဲကျင်းပပြုလုပ်မည့် ကိစ္စရပ်များအား သတင်းထုတ်ပြန်ခြင်း၊
(ဂ) ပြခန်းခင်းကျင်းပြသသည့် MSME များနှင့် ပြိုင်ပွဲဝင် MSME များအား Interview အစီအစဉ်ဆောင်ရွက်ခြင်း၊
(ဃ) သတင်းဆောင်းပါးရေးသားပြုစုခြင်းနှင့် ကြိုတင်လှုံ့ဆော်ခြင်း၊
(င) အသုံးစရိတ်များ ခန့်မှန်းတွက်ချက်တင်ပြခြင်း၊
(စ) ပြိုင်ပွဲပြီးစီးပါက မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုများ စုစည်းပေးအပ်ခြင်းနှင့် မှတ်တမ်းစာအုပ်ထုတ်ဝေခြင်း။

**တာဝန်ကျေခဲ့ပါသည် ပြန်ကြားရေး**

သူတို့တာဝန်ကျေခဲ့ပါသည်။ သူတို့ဆိုရာဝယ် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းအားလုံးကို ရည်ညွှန်းပါသည်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ခြေတော်ရင်း၊ တပေါင်းကွင်းမှာ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ ခမ်းနားထည်ဝါစွာ ပွဲချီးကျင်းပပြုလုပ်မည့် သတင်းစကားနှင့် ပတ်သက်၍ မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယို၊ နေ့စဉ်ထုတ်သတင်းစာများအပါအဝင် ရှိရှိသမျှ မီဒီယာကဏ္ဍအားလုံးမှ ကြိုတင်ထုတ်လွှင့် လှုံ့ဆော်ပေးခဲ့ကြသည်။

ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသိန်းဆွေ တင်ပြခဲ့သော ဖွင့်ပွဲသီချင်း အချိန်မီရေးစပ်သီကုံး၍ အဆိုတော်နှင့် အသံသွင်းနိုင်ရေးကိစ္စကိုပင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ကူညီစီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲနေ့အပါအဝင် နေ့စဉ်ဖျော်ဖြေရေးအစီအစဉ်များလည်း ရှိနေလေရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တေးသံရှင်များက မေတ္တာစေတနာအပြည့်ဖြင့် လာရောက်ဖျော်ဖြေတင်ဆက်ကြသည် ကိုလည်း တွေ့မြင်ခဲ့ရသည်။

**ကျွန်တော်နှင့် အင်တာဗျူးခြင်းအနုပညာ**

ကျွန်တော့်ဘဝတစ်လျှောက်လုံး၌ ကင်မရာရှေ့မှာ ရပ်ဖူးတာဆိုလို့ တစ်ကြိမ်သာရှိခဲ့ဖူးသည်။ လွန်ခဲ့သော ၁၂ နှစ်ခန့်က သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့၏ ခရီးစဉ်နှင့်အတူ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့သို့ ရောက်ရှိခဲ့ကြစဉ် ထိုမြို့၌ ဖွင့်လှစ်ပေးခဲ့သော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းနှင့် ပတ်သက်၍ MRTV၊ MWD တို့မှ အင်တာဗျူးလုပ်ခဲ့ခြင်းဖြစ်၏။ မြန်မာ့အသံရေဒီယိုတွင်လည်း ရန်ကုန်၌ရှိစဉ် တစ်ကြိမ်သွားရောက်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ဖူးသည်။ ထိုတစ်ကြိမ်စီ ပြီးကတည်းက ကျွန်တော်မြင့်စိုး(နတလ)သည် ကင်မရာရှေ့မှာရော၊ မိုက်ရှေ့မှာရော ရှိမနေတော့ပါ။ ရှောင်ခဲ့ပါသည်။

အသံနှင့်ရုပ်ပါကို ချွေတာသည့်သဘော။ ပြည်ထောင်စုအဆင့် MSME ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အင်တာဗျူးမည်ဆိုသောအခါ ဆပ်ကော်မတီအတွင်းရေးမှူး တာဝန်ယူထားသော အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းအေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ ဒိုင်အဖွဲ့ဥက္ကဋ္ဌတာဝန်ယူထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်တို့နှင့် ဗျူးစေခဲ့ပါသည်။ ဒါတွေအပြင် ဖေဖော်ဝါရီလ ၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်မှ နေပြည်တော်သို့ ပြန်လာနေစဉ် ပြည်ထောင်စုအဆင့် MSME ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို သတင်းထုတ်မည်ဖြစ်ကြောင်း ဆက်သွယ်ပြောဆိုလာသဖြင့် သတင်းစာသားကိစ္စ၊ ရိုက်ကူးရေးကိစ္စများ အဆင်ပြေအောင် လမ်းကနေလှမ်းပြီး မှာကြားဆောင်ရွက်ပေးခဲ့ရသေး၏။

**MRTV၊ မြဝတီနှင့် သတင်းစာများ၏ အခန်းကဏ္ဍ**

အဆိုပါ သတင်းမီဒီယာအဖွဲ့များအနေဖြင့် ပြပွဲပြိုင်ပွဲအကြိုကာလမှာကတည်းက ဦးစီးကော်မတီ၊ ကျင်းပရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ ၁၁ ခုတို့၏ လုပ်ငန်းပြင်ဆင်ဆောင်ရွက်နေမှုများကို အင်တာဗျူးအစီအစဉ်ဖြင့်တစ်မျိုး၊ တွေ့ဆုံမေးမြန်းခြင်းဖြင့် တစ်နည်း၊ ဆောင်းပါးများရေးသား၍ တစ်ဖုံ၊ စုံစုံလင်လင်ဝေဝေဆာဆာ တင်ဆက်ဖော်ပြပေးခဲ့သည်။ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြခန်းများ၊ ကုန်ထုတ်သမဝါယမအသင်းပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းပြခန်းများ၊ အခြားသောအသင်းအဖွဲ့ပြခန်းများ စတင်ခင်းကျင်းပြသချိန်တွင်လည်းကောင်း၊ ပြပွဲပြိုင်ပွဲတွင်ပါဝင်ဆင်နွှဲသည့် လုပ်ငန်းရှင်များ ရောက်ရှိလာချိန်တွင်လည်းကောင်း၊ ဒေသထွက်ရိုးရာအစားအစာများ ရောင်းချသည့်ဆိုင်ခန်းများတွင်လည်းကောင်း ဆိုင်ရာဆိုင်ရာများနှင့်တွေ့ဆုံ၍ ထပ်မံမေးမြန်းရိုက်ကူးတင်ဆက်ပေးခဲ့ကြသည်။

သတင်းစာနှင့် ရုပ်မြင်သံကြားတို့မှ တွေ့ဆုံမေးမြန်းသူ၊ ကင်မရာမင်း၊ ဓာတ်ပုံဆရာ စသည့် ဝန်ထမ်းများကလည်း သတင်းရယူရေးသားထုတ်လွှင့်ပေးမှု အလွန်အားကောင်းခဲ့ပါသည်။ တွေ့ဆုံမေးမြန်းသူများ ဖြစ်ကြသော ဝင်းဝင်းမင်း၊ အေးအေးသန့်၊ ဇင်ဦး၊ ဟိန်းထက်ဇော်၊ အောင်ရဲသွင်၊ အလင်းသစ် စသောဝန်ထမ်းများနှင့်အတူ ဓာတ်ပုံဆရာများဖြစ်ကြသည့် ဖိုးပြည့်စုံ၊ ဂျိုင်းလော၊ ကိုကြီးထိန်၊ ဇော်ဘီ၊ သန်းမင်းအောင်၊ သန်းတင်အောင်တို့ကလည်း တက်ညီလက်ညီဖြင့် အပင်ပန်းခံသွားရောက်မေးမြန်း၍ ဒစ်ဂျစ်တယ်ကော်နာတွင် ထွန်းသစ်စနည်းပညာများပြသထားမှု၊ သတင်းအချက်အလက်နှင့်နည်းပညာများ ဖလှယ်ခွင့်ရရှိစေမည့် စီးပွားရေးလုပ်ငန်းအချင်းချင်း ချိတ်ဆက်မှု၊ စိုက်ပျိုးရေးကဏ္ဍနှင့် သက်ဆိုင်သောနည်းပညာ၊ အသိပညာများ ဖြန့်ဝေပေးနေမှု၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပါဝင်ယှဉ်ပြိုင်ပြသထားသော ထုတ်ကုန်ပစ္စည်းများအခြေအနေ၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP)ထုတ်ကုန်များ အခြေအနေ၊ စက်မှုဝန်ကြီးဌာန၏ သက်မွေးရှေ့လျားသင်တန်း ပို့ချပေးနေမှုအခြေအနေများကို အများပြည်သူ သိရှိနိုင်စေရန် ရေးသားဖြန့်ချိပေးခဲ့သည်။

MRTV မှာလည်း ကျွန်မ ဝင်းမြတ်သန္တာလွင်ပါရှင်၊ ကျွန်တော် မင်းထွဋ်ခေါင်ပါဆိုသည့် သတင်းထောက်များ၏ အသံကို မကြာခဏ ကြားနေမြင်နေရပါသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနများအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းရိုက်ကူးတင်ဆက်သွားကြသည်။

**ပြန်လည်ဆုံတွေ့ကြပါစို့**

နိုင်ငံအတွင်းက ဘယ်မြို့ဘယ်ရွာကို သွားသွား၊ မြို့အဝင် ရွာအဝင်တွေမှာ လှိုက်လှဲစွာကြိုဆိုပါ၏။ ပြန်လည်ဆုံတွေ့ကြပါစို့ဆိုသည့် ဆိုင်းဘုတ်များကို တွေ့ရမည်ဖြစ်သည်။ ဒါ့အပြင် ကျွန်တော့်နားထဲမှာ နိုင်ငံတော်တေးသံရှင် အကော်ဒီယံ အုန်းကျော်၏ **“သွေးကစကားပြောပါတယ်”** သီချင်းထဲက ပြန်လည်ဆုံမယ်ဟေ့ ပြန်လည်ဆုံမယ်ဟေ့ဆိုသည့် အသံကို ကြားယောင်နေမိသည်။ တီထွင်ဆန်းသစ်သော MSME နည်းပညာများဖြင့် ပြည်ပပို့ကုန် အမယ်သစ်များ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းစွမ်းဆောင်နေကြသော နိုင်ငံ့ဂုဏ်ဆောင် စီးပွားရေးလုပ်ငန်းရှင်အဟောင်း အသစ်များနှင့် ရင်းနှီးချစ်ခင်စွာ ပြန်လည်တွေ့ဆုံခွင့်ရကြပါဦးမည်။ မကြာသောကာလမှာ ပြန်လည်ဆုံတွေ့ကြပါစို့။ ။



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(စတုတ္ထနေ့)၌ လာရောက်လေ့လာကြသူများအား စည်ကားစွာ တွေ့ရစဉ်။(၁၃-၂-၂၀၂၅)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံ



**နေပြည်တော် မတ် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် ပညာရှင်များ ရှုထောင့်မှ အကြံဉာဏ်များ၊ သုံးသပ်ချက်များကို စဉ်ဆက်မပြတ် အကြံပြုတင်ပြသွားနိုင်ရေးနှင့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၆**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် AGAPE Love ကုမ္ပဏီမှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ ယင်းဓာတ်အားဖြည့်သွင်းရုံ ယာယီမဏ္ဍပ်၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ လျှပ်စစ်သုံးယာဉ်များပြေးဆွဲ/အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် လျှပ်စစ်သုံးယာဉ်ပြေးဆွဲ / အသုံးပြုရေးနှင့် အခြေခံ အဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်က အမှာစကားပြောကြားပြီး AGAPE Love ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက (EV Charging Station) တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကုမ္ပဏီမှတာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီး ဦးဝင်းဖေက EV Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(ဓာတ်ပုံ)**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက လျှပ်စစ်သုံး ယာဉ်များအတွက် လျှပ်စစ်ဓာတ်အား ဖြည့်သွင်းရုံ (EV Charging Station)အတွင်း ကြည့်ရှုလေ့လာကြပြီး လျှပ်စစ်သုံးယာဉ်များ လက်တွေ့အားဖြည့်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) ၏ Website လွှင့်တင်ထားရှိ

**နေပြည်တော် မတ် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ အမြင်များကို ထုတ်ဖော်ပြသနိုင်ရန်အတွက် အထောက်အထား အခြေခံသုတေသနများနှင့် ပြည်တွင်းက ဦးဆောင်သော အသိပညာဖလှယ်မှုများကို စုစည်းဆောင်ရွက်ရန်အတွက် လည်းကောင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ ပါဝင်ပတ်သက်သူများအကြား ဆွေးနွေးမှုနှင့် ဖလှယ်မှုများကို မြှင့်တင်၍ မြန်မာနိုင်ငံဆိုင်ရာကိစ္စရပ်များတွင် ကွဲပြားသော အမြင်များနှင့် သဘောထားများကို အသိအမှတ်ပြုသည့်ပြသနာဖြေရှင်းရေး ချဉ်းကပ်မှုကို အားပေးရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုများတွင် အနှစ်သာရရှိသောပံ့ပိုးမှုများ ပေးစွမ်းလာစေရန် အတွေးအခေါ်ပညာရှင်များ၊ လက်တွေ့လုပ်ဆောင်နေသူများနှင့် မူဝါဒချမှတ်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ပြုမှုများ အားကောင်းလာစေရေး ဆောင်ရွက်ရန်အတွက် လည်းကောင်း **"မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)"**ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

အဆိုပါအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အသိပေးဖော်ပြချက်များကို လေ့လာသိရှိနိုင်ရန်အတွက် Website ကို www.myanmarnarrative.org ဖြင့် ၂၀၂၅ ခုနှစ် မတ် ၁၀ ရက်တွင် စတင်လွှင့်တင်ထားရှိသည်။

အဆိုပါ Website တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ထူးခြားပြောင်းလဲမှုများ၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ စိတ်နေသဘောထားများ၊ ရိုးရာယဉ်ကျေးမှုနှင့် တန်ဖိုးထားမှုများ၊ ဘာသာအယူဝါဒ ဓလေ့ထုံးတမ်းများ၊ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုများတွင် ပါဝင်ဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက် အတူတကွ ယှဉ်တွဲနေထိုင်မှုများ၊ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် စွပ်စွဲပုတ်ခတ် ရေးသားပြောဆိုမှုများအပေါ် တန်ပြန်ချေဖျက်ပြောကြားမှုများ၊ မြန်မာ့ရေးရာ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ အစရှိသည့် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းမွန်စေရန် ဖော်ညွှန်းရေးသားမှုများကို ဖော်ပြထားမည်ဖြစ်သည်။

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)နှင့်ပတ်သက်၍ အကြံပြုချက်များ ပေးပို့လိုလျှင်ဖြစ်စေ၊ Myanmar Narrative Website တွင် စာမူများ ရေးသားပေးပို့လိုလျှင်ဖြစ်စေ myanmarnarrative@gmail.com သို့ အင်္ဂလိပ်ဘာသာဖြင့် ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်






# ပြင်ဦးလွင်မြို့၌ ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာ သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်

**ပြင်ဦးလွင် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း (Diploma in Education and Pedagogy– Dip.EP) အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာဝတီခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းအောင်ကြည်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်တိုးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**သင်တန်းပို့ချသွားမည်**

ယခုဖွင့်လှစ်သည့် ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း (Diploma in Education and Ped– Dip.EP) အမှတ်စဉ် (၁/၂၀၂၅) ကို မတ် ၂၄ ရက်မှ မေ ၃၀ ရက်အထိ ပြင်ဦးလွင်မြို့ အထက(၁)တွင် သင်တန်းသား ၄၀၀ နှင့် အထက(၄)တွင် သင်တန်းသား ၂၅၇ ဦး စုစုပေါင်း ၆၅၇ ဦးတို့ဖြင့် ပညာရေးကောလိပ်မှ နည်းပြများနှင့်အတူ ပြင်ဦးလွင်ခရိုင်အတွင်းရှိ မဟာပညာရေးဘွဲ့ရ ဆရာမ ၁၅ ဦးတို့က သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ တက်ရောက်

ရန်ကုန် မတ် ၂၆

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီးတို့ တက်ရောက်ကြသည်။**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး Dr. Md.Monwar Hossainနှင့် ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

### အထိမ်းအမှတ်ကိတ်မုန့်လှီးဖြတ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

### တက်ရောက်

အဆိုပါညှော်ခံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်းနှင့် ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့်ဇနီး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# နေပြည်တော် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရေိယာများတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စီမံဆောင်ရွက်

နေပြည်တော် မတ် ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် နေပန်လပန် စနစ်ကျလယ်ယာမြေကို ကြည့်ရှုစစ်ဆေးသည်။



### ညှိနှိုင်းဆွေးနွေး

ထို့နောက် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နေပြည်တော် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ဧရိယာများတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ညှိနှိုင်းဆွေးနွေးကြသည်။

ထိုသို့ ညှိနှိုင်းဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမြေတစ်ကေချင်း၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေကြေးများ အသုံးပြု၍ ဒေသအလိုက် စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိကြောင်း၊ မူလသမားရိုးကျစိုက်ပျိုးထုတ်လုပ်မှုထက် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးအတွက် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ဧရိယာများတွင် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးရေး ပညာရှင်ဝန်ထမ်းများက မျိုး၊မြေ၊ရေနှင့် နည်းပညာလိုအပ်ချက်များကို အနီးကပ် ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံပုံစံအလိုက် ပန်းတိုင်အထွက်ရရှိစေရန် မြေဆီလွှာ စမ်းသပ်စစ်ဆေးပေးခြင်း၊ သွင်းအားစုမြေဩဇာ ထောက်ခံချက်ပေးခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေးနှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာများကို ဆိုင်ရာပညာရှင်များစုဖွဲ့၍ အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးခြင်းဖြင့် တစ်နှစ်ပတ်လည် စိုက်ပျိုးမှု သိသိသာသာ တိုးတက်လာစေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပညာရှင် အရင်းအမြစ်ပြည့်စုံသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စိုက်ပျိုးမြေများအားလုံး၏ သီးနှံများ ဖြစ်ထွန်းအောင်မြင်မှုနှင့် စိုက်ပျိုးထုတ်လုပ်နိုင်မှုကို တိုင်းဒေသကြီး၊ ပြည်နယ်များမှ တောင်သူများအား စံနမူနာပေးနိုင်သည်အထိ ကြိုးပမ်းသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

### ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဝန်ကြီးက ကွင်းဆင်းကြီးကြပ်ပညာပေးဝန်ထမ်းများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဆက်စပ်ဦးစီးဌာနများက ဟန်ချက်ညီ ပံ့ပိုးကူညီသွားကြရန် ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် နေပန်လပန် စနစ်ကျ လယ်ယာမြေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များ မေးမြန်းဆွေးနွေးကြသည်။

နေပန်လပန်စနစ်ကျလယ်ယာမြေတွင် နွေစပါးများ စိုက်ပျိုးထားရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နွေစပါးပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ နည်းပညာပေးခြင်း၊ စိုက်ကေအလိုက် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်ကို မျိုးကွဲအလိုက်သတ်မှတ်ခြင်း၊ စိုက်ပျိုးမည့် သီးနှံမျိုးကောင်းမျိုးသန့်များရရှိရေး၊ မြေဆီလွှာဓာတ်ခွဲစမ်းသပ် ဆောင်ရွက်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်နှင့် ဓာတ်မြေဩဇာအချိန်ကိုက် အချိုးကျသုံးစွဲနိုင်ရန် အကြံပြုထောက်ခံချက်ပေးခြင်း၊ စိုက်ပျိုးရေစနစ်တကျအသုံးပြုနိုင်စေရန် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း အပါအဝင် စိုက်ပျိုးနည်းပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ အနုပညာအထက်တန်းကျောင်း(မန္တလေး)နှင့် မန္တလေးယဉ်ကျေးမှု အမွေအနှစ်ဒေသ စစ်ဆေး



နေပြည်တော် မတ် ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးမြို့ အနုပညာအထက်တန်းကျောင်းဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် နှစ်ထပ်ကျောင်းသူအဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မန္တလေးတိုင်းဒေသကြီး မြနန်းစံကျော် ရွှေနန်းတော် မြေနန်းပြာသာဒ်ဆောင်ရှိ လက်ယာ/လက်ဝဲ ပွဲတက်ဆောင်များ၏ ကြမ်းခင်းကို ကွန်ကရစ်အစားသစ်သားလျှာထိုးခင်းခြင်းလုပ်ငန်း၊ နန်းဆောင်များအား ဆေးသုတ်ခြင်းလုပ်ငန်း၊ မြေနန်း ပြာသာဒ်ဆောင်ရှိ တိုင်လုံးများကို မြန်မာမှုလက်ရာ ယွန်းကြိုးထိုးခြင်း လုပ်ငန်းနှင့် မှန်နန်းဆောင်ရှိ ဘုရင့်အိပ်ဆောင်ခန်းတွင် နန်းသုံးပစ္စည်းများ ပြုလုပ်မွမ်းမံခင်းကျင်းခြင်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် သစ်တပ်မြို့ရိုးအတွင်းရှိ တံခါးနီမြို့ရိုးတူးဖော်၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ အမြောက်ပြတိုက်၊ စည်ရှည်တံတား တည်ဆောက်ပြီးစီးမှု၊ ပြအိုး၊ ပြာသာဒ်နှင့် မန္တလေးနန်းမြို့ရိုး တောင်ဘက်ခြမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) အတုမရှိကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူသော စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ကုသိုလ်တော်ဘုရားရှိ Pagoda Digital Directory ဆောင်ရွက်ထားရှိမှု၊ သုဓမ္မာဇရပ်အား ရှေးမူမပျက် ပြန်လည်ဖော်ထုတ်တည်ဆောက်မည့် နေရာနှင့် မန္တလေးယဉ်ကျေးမှုပြတိုက်တွင် ပြသပစ္စည်းများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နှစ် (၈၀) ပြည့် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

နေပြည်တော် မတ် ၂၆

**နှစ် (၈၀) ပြည့် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "သစ္စာမျိုးဆက်" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**



ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက်ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း ရေးစပ်သူ အကယ်ဒမီဂီတမှူးဦးဝင်းကို**(ယာပုံ)** နှင့် ဗညားရဲရင့်တို့အား ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

**ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက "သစ္စာမျိုးဆက်" ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များ ဖြစ်ကြသည့် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ မေသဥ္ဇာဦး၊ ကျော်ဇောဟိန်း၊ အောင်ပိုင်၊ ခိုင်သဇင်ဝေ၊ လင်းလက်ခွန်းချို၊ ပိုင်စစ်မှူး၊ ရှင်ရဲထွဋ်၊ ကြယ်စင်လင်းထူး၊ ဇာတ်ညွှန်းအကြံပေး လှိုင်းသစ်၊ လက်ထောက် ဒါရိုက်တာ သက်သဇင်ထွဋ်၊ ဇာတ်လမ်း/ဇာတ်ညွှန်း၊ ဒါရိုက်တာ အကယ်ဒမီ တင်အောင်စိုး (ပန်းမြို့တော်) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နှစ်(၈၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် စစ်ချီသီချင်းနှင့် စစ်သည်တေးသီချင်းဆု ရရှိကြသည့် ဂုဏ်ပြုစစ်ချီသီချင်း ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြင့်မိုရ်ဦး၊ ဒုတိယဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ တတိယဆုရရှိသူ လှိုင်ဝင်းထွန်း၊ စတုတ္ထဆုရရှိသူ ဒုအရာခံဗိုလ်သက်ဝင်းလှိုင်၊ ပဉ္စမဆုရရှိသူ ခင်ဇော်(မြဝတီ)၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆု ရရှိသူ ထားရ၊ ဒုတိယဆုရရှိသူ မအိ(ပဲခူး)၊ တတိယဆုရရှိသူ ရွှေသင်းသူ (သဇင်)၊ စတုတ္ထဆုရရှိသူ ကေသီ၊ ကဗျာဝါသနာရှင် အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ကောင်းခြိမ့်ကျော်၊ ဒုတိယဆုရရှိသူ မနောသစ် (ပခုက္ကူ)၊ တတိယဆုရရှိသူ အောင်နိုင်သူ(ဖွဲ့ကပင်)၊ စတုတ္ထဆုရရှိသူ ခိုင်မြတ်မော် (မြဝတီ)၊ ပဉ္စမဆုရရှိသူ ဉာဏ်လင်း (တပ်ကုန်း)၊ အထူးဆု (၁)ရရှိသူ သက်နှင်းညို၊ အထူးဆု(၂) ရရှိသူ ရဲမွန်ကျော်၊ အထူးဆု (၃) ရရှိသူ ရွှေလေးခင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းက နှစ်(၈၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာအလွတ်တန်းအဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြတ်ထွဏ်းနောင်၊ ဒုတိယဆုရရှိသူ ဘုန်းမောင်ဝင်း (ဖျာပုံ)၊ တတိယဆုရရှိသူ ဘုန်းရဲနိုင် (ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ ရေနံ့သာမောင်ကျော်ညွှန့်၊ ပဉ္စမဆုရရှိသူ မနောဖြူ၊ အထူးဆု(၁) ရရှိသူ မောင်မင်းသိမ်း(သရက်)၊ အထူးဆု(၂) ရရှိသူ မျိုးစစ်သည်၊ အထူးဆု(၃) ရရှိသူ ညောင်ရွှေ-ခင်မောင်မြ၊ ဝတ္ထုတိုဝါသနာရှင် အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူ မုန်းမောင်မောင်၊ တတိယဆုရရှိသူ ယု(သဇင် FM)၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၁)ရရှိသူ ငြိမ်းချမ်းဖြူ၊ အထူးဆု(၂) ရရှိသူ ထက်ပိုင်ဦး (သစ္စာမြေ)၊ အထူးဆု(၃) ရရှိသူ စစ်ငြိမ်းပန်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို လည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြု ဝတ္ထုတိုအလွတ်တန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ မောင်မောင်လွင် (ရွှေဘိုသား)၊ တတိယဆုရရှိသူ ကျော်တေဇ (ဥက္ကလာ)၊ စတုတ္ထဆုရရှိသူ ထက်ဝေအောင်(စစ်ကိုင်း)၊ ပဉ္စမဆုရရှိသူ မောင်စူးရှ (အနောက်ရိုးမ)၊ အထူးဆု(၁)ရရှိသူ မင်းလပြည့် (ဟားခါး)၊ အထူးဆု(၂) ရရှိသူ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)၊ အထူးဆု(၃) ရရှိသူ စေတမန်၊ ဝတ္ထုရှည်ဝါသနာရှင် အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြခြူးအိမ်၊ ဒုတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ တတိယဆုရရှိသူ လူမောင်(ဝိရောဓိ)၊ စတုတ္ထဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ပဉ္စမဆုရရှိသူ သျှင်ငြိမ်းစံ၊ အထူးဆု(၁) ရရှိသူ မောင်စိုးထွန်း၊ အထူးဆု(၂) ရရှိသူ အောင်မင်းကျော်(ပညာ)၊ အထူးဆု(၃) ရရှိသူ ခင်မျိုးမျိုးချစ် (ချင်းတောင်)၊ ဝတ္ထုရှည်အလွတ်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ တက္ကသိုလ်မြမဉ္ဇူ၊ ဒုတိယဆုရရှိသူ စိုးနွေ၊ တတိယဆုရရှိသူ ရဲမင်းစိုး၊ စတုတ္ထဆုရရှိသူ ညိမ်းညို၊ ပဉ္စမဆုရရှိသူ နေဇင် (ပေါက်ခေါင်း)၊ အထူးဆု(၁) ရရှိသူ နီသင်အောင်ကျော်မိုး၊ အထူးဆု(၂) ရရှိသူ ခန့်ပိုင်၊ အထူးဆု(၃) ရရှိသူ အမေ့သား (နတ်မောက်) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနား အပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ရောက်ရှိ



နေပြည်တော် မတ် ၂၆

မတ် ၂၇ ရက်တွင် ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တပ်မတော် အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘားအံတက္ကသိုလ်၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်

ဘားအံ မတ် ၂၆

ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနနှင့် ဘားအံတက္ကသိုလ်တို့ ပူးပေါင်း၍ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲကို မတ် ၂၄ ရက်က ဘားအံတက္ကသိုလ် ပညာ့ရိပ်သာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ကျော်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ရုတ်တရက်ဖြစ်ပွားလာပါက ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သန္နှေမီးသတ်တပ်ဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် မီးသတ်ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ ဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်စေရန် အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၅) ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၄၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦး စုစုပေါင်း ၃၉၂ ဦးတို့အား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူးဦးကျော်မြင့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများကို လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကျင်းပရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူးဦးကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကသံရုံးမှ Ambassador Mr. Darkey Africa နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၆၇၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၇၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၇၂ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) တို့ဖြင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့ရှိ အောင်ဇေယျဈေးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်၊ ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူငါးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျဈေးအတွင်းသို့ မတ် ၂၅ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်မှာ ရွှေဘိုမြို့ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျဈေးအတွင်းသို့ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဥသျှစ်ကန်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၅၀ ခန့်အကွာမှ ရှော့တိုက်ဒုံးတစ်လုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် အသက်ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် ဈေးအတွင်း ဈေးရောင်းနေသည့် အမျိုးသမီးလေးဦးတို့ ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး အဆိုပါထိခိုက်ဒဏ်ရာရရှိသူများအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များ၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီး ဆုံးရှုံးခဲ့ရပြီး ထိုသို့အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဒေသခံပြည်သူလူထုမှ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Tun Tun Aung" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်နေ ထွန်းထွန်းအောင် (ခ) ဖိုးကုလားအား ညနေ ၅ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏။**

# စဉ့်ကူးမြို့နယ် မာလဲနတ်တောင်ဆည်နှင့် ကျေးရွာသုံးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဆောက်အအုံအများအပြားပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မာလဲနတ်တောင်ဆည်နှင့် ကျေးရွာသုံးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အဆောက်အအုံ အများအပြား ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍သက်ဆိုင်ရာနယ်မြေခံလုံခြုံရေးတာဝန်ရှိတစ်ဦးအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်၊အိုးအိမ်၊စည်းစိမ်များနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများအား ဗုံးကြဲတိုက်ခိုက်မှုများ မရှိကြောင်း သိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်ရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# မင်းဘူးမြို့တွင်းလမ်း၌ နိုင်လွန်ကတ္တရာကွန်ကရစ်လမ်းဖွင့်

**မင်းဘူး မတ် ၂၆**

နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူး - စလင်း - တညောင် - ဆိပ်ဖြူ လမ်းပိုင်းရှိ မင်းဘူးမြို့တွင်းလမ်း နိုင်လွန်ကတ္တရာကွန်ကရစ်(AC) လမ်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မင်းဘူး - စလင်း - တညောင်-ဆိပ်ဖြူလမ်းပိုင်းရှိ မင်းဘူးမြို့တွင်းလမ်းဖွင့်ပွဲမှခ်ဦးကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်မှ ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦး၊ မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစံမင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မင်းဘူး-စလင်း-တညောင် - ဆိပ်ဖြူလမ်းပိုင်းရှိ မင်းဘူးမြို့တွင်း လမ်းပိုင်းကို လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၁) နှင့် မင်းဘူး - မကွေးလမ်းပိုင်း တစ်လျှောက်ကို မင်းဘူးခရိုင် လမ်းဦးစီးဌာနတို့က တာဝန်ယူ၍ လမ်းပိုင်းဆိုင်ရာလုပ်ငန်းများကို အဆင့်မြှင့်တင်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းပိုင်း၌ မင်းဘူးမြို့ဧရိယာရှိ အဓိကမူလကတ္တရာလမ်းကို တုတ်ချောင်းတံတားထိပ်မှ မြောက်လှည်းကောက် အဝိုင်းပတ်အကျော်အထိ အရှည် တစ်မိုင် တစ်ဖာလုံကို လမ်းအကျယ် ပေ ၃၀ မှ ၄၈ ပေ အကျယ်တိုးချဲ့၍ နိုင်လွန်ကတ္တရာကွန်ကရစ်(AC) လမ်းအဖြစ် အဆင့်မြှင့်တင်ပြီး မြို့တွင်းအင်္ဂါရပ်နှင့်အညီ ကွန်ကရစ်လမ်းပခုံး၊ အုတ်စီရေမြောင်း၊ ကွန်ကရစ်ရေမြောင်းအဖုံးနှင့်တွဲလျက်အပြင် လူသွားပလက်ဖောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ၄၅၈၇ ဒသမ ၃၁ ကျပ်သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၁)မှ တာဝန်ယူ၍ ၂၀၂၄ ခုနှစ် မေလမှစတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ မင်းဘူး-မကွေးလမ်းပိုင်းရှိ မိုင်တိုင်အမှတ် (၀/၅ မိုင်မှ ၁/၇) မိုင် အတွင်း၌ အန္တရာယ်များကွယ်ကွေ့ သုံးနေရာကို ဖြတ်ထုတ်၍ လမ်းချဲ့ကာ နှစ်လမ်းသွား ၂၄ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း၊ လမ်းတာပေါင်ကျဉ်းသော နေရာများကို မြေထိန်းနံရံတည်ဆောက်ပြီး Guard Rail တပ်ဆင်ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်း၍ ကွန်ကရစ်လမ်းပခုံး တည်ဆောက်ခြင်းလုပ်ငန်းများ အားလုံးကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၁၅၄၃ ဒသမ ၀၁ ကျပ်သန်းတို့ဖြင့် မင်းဘူးခရိုင် လမ်းဦးစီးဌာနမှ တာဝန်ယူ၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**





# ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ပညာယျစေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပဲခူး မတ် ၂၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ကျင်းပသော ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ပညာယျစေတီတော်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ကာလအတွင်း နိုင်ငံကျော် အနုပညာရှင်များက အငြိမ့်သဘင်၊ တေးဂီတဖျော်ဖြေပွဲများဖြင့် မတ် ၂၃ ရက်မှ ၂၉ ရက်အထိ ည ၈ နာရီမှစ၍ ခုနစ်ရက်တိုင်တိုင် ဖျော်ဖြေ တင်ဆက်လျက်ရှိရာ ဘုရားဖူးလာ ပြည်သူများနှင့် ဒေသခံပြည်သူများက အေးချမ်း ပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးလျက်ရှိသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် ဘုရားဖူး အပန်းဖြေ လာရောက်ကြသူများနှင့် ဒေသခံများအား သစ္စာမေတ္တာရွှေမန်း သဘင် တင်မောင်ဆန်းမင်းဝင်း ပါဝင်သော မန်းအလင်္ကာဆန်း ဇာတ်သဘင်၊ DJ နှင့် စင်တင်တေးဂီတဖျော်ဖြေရေး အစီအစဉ်များဖြင့် ညှော့ခံဖျော်ဖြေတင်ဆက်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ အပန်းဖြေလာရောက်ကြသူ ၃၅၀၀ ကျော် အေးချမ်းပျော်ရွှင်စွာလာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

ချောင်းသာမြို့ ရွှေသာယာမြို့မဈေးကြီး၌ မြို့မီးသတ်ဦးစီးမှူး ဦးချစ်သဲမောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၂၅ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသဆောင်ရွက်စဉ်။

ချောင်းသာ(ပြန်/ဆက်)



## နိုင်ငံတကာသတင်း

# တောင်ကိုရီးယားနိုင်ငံ၌ တောမီးကြောင့် သေဆုံးသူ ၂၄ ဦးရှိလာ

**ဆိုးလ် မတ် ၂၆**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်သီတင်းပတ်မှ စတင်လောင်ခဲ့သည့် တောမီးလောင်မှုများကြောင့် သေဆုံးသူဦးရေမှာ မီးသတ်သမားများ အပါအဝင် ၂၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံ အရှေ့တောင်ပိုင်း အစိတ်အပိုင်းများတွင် တောမီး ဆက်လက် လောင်လျက်ရှိပြီး ခြောက်သွေ့သည့် ရာသီဥတုနှင့် လေပြင်းများကြောင့် တောမီးလောင်မှုကို ပို၍ဆိုးရွားစေသည်။ လူအချို့ လမ်းမပေါ်တွင် သေဆုံးနေသည်ကို တွေ့ခဲ့ရပြီး ၎င်းတို့မှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ကြိုးပမ်းစဉ် မီးလောင်မှုအတွင်း ပါဝင်သွားခြင်းဖြစ်ကြောင်း ဒေသခံ မီဒီယာများတွင် ဖော်ပြသည်။



မတ် ၂၆ ရက် မွန်းလွဲပိုင်းက ဂျောင်ဆန်းပြည်နယ်၌ မီးသတ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ရသည်။ အာဏာပိုင်များသည် လေကြောင်းမှ မီးငြိမ်းသတ်မှုကို နှစ်နာရီခန့် ရပ်နားထားခဲ့ရသည်။ ထို့ကြောင့် တောမီးမပြန့်ပွားစေရေး ကြိုးပမ်းမှုကို အဟန့်အတား ဖြစ်စေခဲ့သည်။

ဂျောင်ဆန်း ပြည်နယ်တောင်ပိုင်း၌ တောမီးလောင်မှုကို ငြိမ်းသတ်ရန်ကြိုးပမ်းစဉ် မီးသတ်သမားလေးဦး သေဆုံးခဲ့ရသည်။ ရာသီဥတုအခြေအနေမှာ စိန်ခေါ်ဖွယ် အခြေအနေ ဆက်လက်ဖြစ်ပေါ်နေပြီး တောမီးကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရသူ အရေအတွက်မှာ ဆက်လက် တိုးလာလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ယခုနှစ်အတွင်း အာဖဂန်နစ္စတန်သို့ နိုင်ငံခြားခရီးသွား ၈၀၀၀ ကျော် ဝင်ရောက်

**ကဘူးလ် မတ် ၂၆**

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွား ၈၀၀၀ ကျော်ရှိပြီး နိုင်ငံအတွင်း နိုင်ငံခြားခရီးသွား ဝင်ရောက်မှုမှာ ပို၍များပြားလာသည်ဟု အာဖဂန်နစ္စတန် ကြားဖြတ်အစိုးရ သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက မတ် ၂၆ ရက်တွင်ပြောသည်။

လွန်ခဲ့သည့်နှစ်အတွင်း ပြည်တွင်း၌ ခရီးသွားလာသူ လေးသန်းရှိပြီး ၎င်းတို့မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ သဘာဝအလှတရားများနှင့် သမိုင်းဝင် အထိမ်းအမှတ်နေရာများသို့ သွားရောက်ခဲ့ကြသူများဖြစ်ကြောင်း အာဖဂန်နစ္စတန် သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ မှတ်တမ်းများအရသိရသည်။

ခရီးသွားများပိုမိုလာရောက်ရန် ဆွဲဆောင်ရာ၌ စကားပြန်များ၊ သယ်ယူပို့ဆောင်ရေးနှင့် နေရာထိုင်ခင်းအပါအဝင် လိုအပ်သော အထောက်အကူပစ္စည်းများ ပံ့ပိုးနိုင်ရေး သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။ ယခုအချိန်အထိ နူရီစတန်၊ ပတ်ခ်တီယာ၊ ကာပီဆာနှင့် ဂေါပြည်နယ်တို့၌ ခရီးသွားများအတွက် ဟိုတယ်လေးလုံး ဆောက်လုပ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း ဇန်နဝါရီလအတွင်း ငါးလမြောက်အဖြစ် ဆက်တိုက်တိုးလာ

**ဆိုးလ် မတ် ၂၆**

တောင်ကိုရီးယားနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းမှာ ဇန်နဝါရီလအတွင်း ငါးလမြောက်အဖြစ် ဆက်တိုက်တိုးလာကြောင်း မတ် ၂၆ ရက်ထုတ် စာရင်းအင်းအချက်အလက်များအရ သိရသည်။ လူဦးရေဆက်လက် ကျဆင်းမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိနေစဉ် ယခုလိုငါးလဆက်တိုက်အဖြစ် ကလေးမွေးဖွားမှုနှုန်း တိုးလာခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ် ဇန်နဝါရီလနှင့်နှိုင်းယှဉ်လျှင် ကလေးမွေးဖွားမှုနှုန်းမှာ ၁၁ ဒသမ ၆ ရာခိုင်နှုန်းတိုးလာသည်ဟု စာရင်းအချက်အလက်များအရ သိရသည်။ အိမ်ရာဈေးနှုန်းကြီးမြင့်ခြင်းနှင့် အလုပ်လက်မဲ့ဖြစ်ခြင်း တို့ကဲ့သို့ စီးပွားရေးအခက်အခဲများကြောင့် ကလေးယူရန် အစီအစဉ် စွန့်လွှတ်ခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာခြင်းတို့ဖြစ်ပေါ်နေသည့် မျိုးဆက်သစ်လူငယ်များကြား ကလေးမွေးဖွားမှုများ မြင့်လာခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ် ၁၀ မြို့နယ်မှ ပြည်သူများအတွက် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**ကျိုင်းတုံ မတ် ၂၆**

ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ် ၁၀ မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၂၄ ရက်က ကျိုင်းတုံမြို့တော်ခန်းမ၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနတာဝန်ရှိသူများ၊ စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အလိုက် နည်းပြ/ကြီးကြပ်များ၊ စာသင်သားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်ကာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက စဉ်ဆက်ပညာရေးလုပ်ငန်းတွင် စေတနာဖြင့် လုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် မြို့နယ်ကိုယ်စားပြု နည်းပြနှင့် ကြီးကြပ်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ် ၁၀ မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် သင်ယူတက်ရောက်ခဲ့သည့် စာသင်သားများအား ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အိဖြိုးဝင်းက အသိအမှတ်ပြု လက်မှတ်များပေးအပ်ရာ စာသင်သား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ကျောင်းပြင်ပ ပညာရေးကဏ္ဍ စဉ်ဆက်ပညာရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။



**အောင်ဇင်မြင့်(ပြန်/ဆက်)**

## တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပန်းဘဲတန်းမြို့နယ် အမှတ်(၄) ရပ်ကွက် အမှတ်(၁၂၁) မြေညီထပ် ပြည်စိုးလျှပ်စစ်ဖြန့်ချိရေးလုပ်ငန်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၈၂၀၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီး ရွာသာကြီးရပ်ကွက် ဘိုဘိုကုန်မျိုးစုံအရောင်းဆိုင်အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၁၈၇၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသားခရီးသည် လေးဦးနှင့် ဗီယက်နမ်နိုင်ငံသားတစ်ဦးတို့၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ရှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၉၃၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၄၈၇၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၂၅ ရက်တွင် ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့နယ် လွယ်တမူကျေးရွာ အမှတ် (၂၅၀) ခြေလျင်တပ်ရင်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Note မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ဝေါမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ယဉ်တော်ကျေးရွာ၊ ရွှေကြက်ယက်ကျေးရွာနှင့် ဆောက်တောဝကျေးရွာတို့၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၂၈၇ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၈၂၃၉၃၂) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့၌ တရားမဝင် ဆေးဝါး ၆၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၂၇၀၀၀) ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၄၅၀၉၃၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မုဒုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၄၉၁ တန်၊ အခြားသစ် ၀ ဒသမ ၆၃၁ တန်၊ မီးသွေး ၆ ဒသမ ၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၂၃၉၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၃၈၄၁၃၀ ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel) မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၈–၃–၂၀၂၅) ရက် (သောကြာနေ့) ညတွင် သင်္ကြန်ဆိုင်ရာတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“တစ်နှစ်နွှမ်း တစ်နှစ်ဆန်း” သင်္ကြန်အကြိုတေးဂီတဖျော်ဖြေပွဲ** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

**(၂၈–၃–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “တစ်နှစ်နွှမ်း တစ်နှစ်ဆန်း"သင်္ကြန်အကြိုတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | တို့တွေမြူးမယ် | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | ငါ့ရဲ့သင်္ကြန်နေ့များ | ဌာနအဆိုရှင် |
| ၃။ | ဗုံ ဗုံ ဗုံ | ဌာနအဆိုရှင် |
| ၄။ | တစ်နှစ်နွှမ်း တစ်နှစ်ဆန်း | ပြင်ပအဆိုရှင် |
| ၅။ | ရေအရင်လောင်းမယ် | ပြင်ပအဆိုရှင် |
| ၆။ | နွေအလှ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | နှစ်သစ်ချစ်ဦး | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | သင်္ကြန်အိပ်မက် | ပြင်ပအဆိုရှင် |
| ၉။ | ရေတွေစိုကုန်ပြီ | ပြင်ပအဆိုရှင် |
| ၁၀။ | ရေတွေတစ်ကိုယ်လုံးရွှဲ | ပြင်ပအဆိုရှင် |
| ၁၁။ | ဟော့တော့ | ပြင်ပအဆိုရှင် |



ကလေးဝမြို့ပေါ်ရှိ ကာရာအိုကေလုပ်ငန်း၊ စားသောက်ဆိုင်နှင့် တည်းခိုခန်းတို့တွင် မီးဘေးကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေ၊ သဲ၊ မီးသတ်ဆေးဘူးများထားရှိမှု၊ မီးဘေးကာကွယ်ထားရှိမှုနှင့် မီးကို သတ်မှတ်အချိန်အတွင်း သတိပြုသုံးစွဲခြင်း ရှိ မရှိ တို့ကို မတ် ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးသိန်း ဦးဆောင်သော ပူးပေါင်းအဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ ဆက်)

# အခြားနိုင်ငံများသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - လက်ခံနိုင်ငံ၏ အလုပ်ရှင်၊ သို့မဟုတ် အလုပ်ရှင်၏ တရားဝင် ကိုယ်စားလှယ်မှ အလုပ်သမားလိုအပ်ချက် ဖော်ပြထားသောစာ (ရုံးတံဆိပ်/ Letter Head ပါရှိသည့် ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်) ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ ပေးပို့ခြင်း၊<br>- မြန်မာအေဂျင်စီများမှ Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်း တင်ပြခြင်း-<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက် မပိုစေရန်၊<br>( ခ ) သက်ဆိုင်ရာနိုင်ငံအလိုက် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊<br>( ဂ ) Demand Letter တင်ပြရာတွင် dolmigrationsingaporeother@gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင် လာရောက်တင်ပြခြင်းမပြုရန်)၊ | သက်ဆိုင်ရာနိုင်ငံ အလုပ်ရှင်<br><br><br>မြန်မာအေဂျင်စီ |
| ၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်း | - Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်ပေးနိုင်ရေး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရန် အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၃။ | အလုပ်သမားဝန်ကြီးဌာနမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခြင်း | - အလုပ်သမားဝန်ကြီးဌာနမှ Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| ၄။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း | - နိုင်ငံခြားရေးဝန်ကြီးဌာနမှ Demand Letter မှန်ကန်ကြောင်း ပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာ မြန်မာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ အေဂျင်စီမှ အလုပ်သမားစတင်စုဆောင်းခြင်းနှင့် ဗီဇာလျှောက်ထားခြင်း (မှန်ကန်မှုမရှိကြောင်း ပြန်ကြားလာပါက ခွင့်မပြုကြောင်း သက်ဆိုင်ရာအေဂျင်စီသို့ အကြောင်းကြားခြင်း)၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ<br>သက်ဆိုင်ရာနိုင်ငံ အလုပ်ရှင် |
| ၅။ | မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း | - ဗီဇာရရှိပါက မြန်မာအေဂျင်စီမှ စာချုပ်ချုပ်ဆိုခွင့်အား စာချုပ်ချုပ်လိုသည့်ရက်မတိုင်မီ (၇) ရက်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် ဗီဇာမိတ္တူ၊ လက်ခံနိုင်ငံ၏ အလုပ်ရှင်-အလုပ်သမား စာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@gmail.com သို့ တင်ပြရန်၊<br>( ခ ) အလုပ်ခေါ်စာ တစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက်မပိုစေရန်နှင့် တစ်လလျှင် တစ်ကြိမ်သာတင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၆။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ ခွင့်ပြုချက်ရယူခြင်း | - မြန်မာအေဂျင်စီမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၇။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီထံသို့ စာချုပ်ချုပ်ဆိုခွင့်အား အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့် နေ့ရက်တွင် အမှတ် (၂၇)၊ အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နည်းပညာအထောက်အကူပြုရုံး (ရန်ကုန်)၌ စာချုပ်ချုပ်ဆိုခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၈။ | မြန်မာအေဂျင်စီမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြိုတင်၍ အောက်ပါအချက်များနှင့်တကွ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@gmail.com သို့ လိပ်မူ၍ တင်ပြခြင်း-<br>(က) သင်တန်းတက်ရောက်ခွင့် (တစ်ရက်သာ) နှင့် OWIC ပြုလုပ်ခွင့် တင်ပြစာ၊<br>( ခ ) အလုပ်ခေါ်စာမိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ဗီဇာမိတ္တူ၊<br>( ဂ ) လက်ခံနိုင်ငံ၏ အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီမှုစာချုပ်၊ မြန်မာအေဂျင်စီနှင့် အလုပ်သမား အကြား ချုပ်ဆိုသည့် သဘောတူစာချုပ်၊ | မြန်မာအေဂျင်စီ |
| ၉။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းထားသည့် မြန်မာအေဂျင်စီများကို ဦးစားပေး အစီအစဉ်အလိုက် သင်တန်းတက်ရမည့် နေ့ရက်သတ်မှတ်ခြင်းနှင့် သင်တန်းကျောင်းတာဝန်ခံသို့ အကြောင်းကြားခြင်း၊ Safe Migration Telegram Channel တွင် အသိပေးကြေညာခြင်း၊<br>- သင်တန်းတက်ရောက်ပြီးပါက OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးစခန်းတာဝန်ခံ၊ သက်ဆိုင်ရာ အေဂျင်စီများထံသို့ အကြောင်းကြားခြင်းနှင့် OWIC ကတ် ထုတ်ပေးခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၀။ | မြန်မာအေဂျင်စီမှ အလုပ်သမားစေလွှတ်ခွင့်ရရှိရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့် အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက် ( - -၂၀၂၅) မှ ( - -၂၀၂၅) (ရက်သတ္တတစ်ပတ်အတွင်း) ဖော်ပြပြီး စေလွှတ်မည့် အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူတို့နှင့်အတူ Excel Soft copy ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@gmail.com သို့ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၁။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှ ထွက်ခွာမည့်ရက်အား ပြန်လည်တင်ပြခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့်အချိန်တွင် ဗီဇာလျှောက်ထားခြင်းနှင့် လေယာဉ်လက်မှတ်ဝယ်ယူခြင်း ဆောင်ရွက်ပြီး ထွက်ခွာမည့်နေ့ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@ gmail.com သို့ ပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊<br>- သတ်မှတ်ထားသည့် နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေး တင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၃။ | ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း | - သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အလုပ်သမားများ စေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်းစာရင်းပြုစု၍ Excel Soft copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၄။ | ပြန်လည်ဝင်ရောက်မှု သတင်းပို့ခြင်း | - မြန်မာအေဂျင်စီများမှ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့်အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@gmail.com သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။ | မြန်မာအေဂျင်စီ |

မှတ်ချက်။ (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၁၀ ဦးထက်ပိုသော Demand Letter များကို ၁၀ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရမည်။

(၂) အခြားနိုင်ငံများ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။

**အကြိမ်(၇၀)မြောက် အနန္တသုခမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး သင်္ကြန်တွင်း အထူး(၇)ရက် တရားစခန်းပွဲ**

**(၁၃-၄-၂၀၂၅ မှ ၁၉-၄-၂၀၂၅) အထိ ရှိပါသည်။**

တရားစခန်းဝင်မည့် ယောဂီများ၊
ဒုလ္လဘဝတ်လိုသူများ၊ သီလရှင်ဝတ်လိုသူများ

**(၁၂-၄-၂၀၂၅) စနေနေ့ ညနေပိုင်း(၂)နာရီအရောက် ကြွရောက်ရပါမည်။**

**နေရာ** - လှသိင်္ဂီလမ်းမ၊ (၁၆၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။

**မှတ်ချက်။** ။ယောဂီဦးရေကန့်သတ်ထားပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

**အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အချိုရည်များ ကြိုတင်စာရင်းပေး လှူဒါန်းနိုင်ပါသည်။** ဖုန်း-၀၉-၄၂၀၀၆၅၉၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ မြေကွက်အမှတ်(၂၀၇)၊ ဒါဘာထပ်(B-5)(ခြေ ရင်းခြမ်း)၊ ဧရိယာ အကျယ်အဝန်း (၁၁ပေခွဲ x ၄၇ပေ)ရှိ ရေမီးစုံ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ် သော အကျိုးခံစားခွင့်များအား ဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချယ်ရီ (S/OKA-၀၃၃၁၃၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟိန်းသူ (၁၂/ကမရ(နိုင်)၀၅၉၆၃၅) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းသူ ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်မြတ်မွန်ခိုင်(LL.B)** | **ဒေါ်စုရည်လှိုင်(LL.B)** | **ဒေါ်သင်းလဲ့လှိုင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| (စဉ်-၅၆၇၄၅) | (စဉ်-၁၈၇၄၅) | (စဉ်-၅၆၇၄၄) |

အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(အေ)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၈

**ကွယ်လွန်သူ ဦးရဲမင်းထွန်း ၏ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်မို့မို့ လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှပဒါးကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးရဲမင်းထွန်း ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလဆန်း ၁၀ရက်) တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးရဲမင်းထွန်း ၏ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ခုနှစ်၊ ဧပြီလ ၇ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလဆန်း ၁၀ရက်) နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ် တိုင်သော်လည်းကောင်း ၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများ ကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်း အရာတွင်စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ခုနှစ်၊ မတ်လ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာ၊ အောင်တေဇလမ်း၊ အမှတ်- ၅/၇၁၊ Style San Co.,Ltd (ကိုယ်စား) ဒေါ်သန္တာစန်း (၆/မအရ (နိုင်) ၀၉၃၃၄၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ Style San ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ (၁၀-၄-၂၀၁၅) ခုနှစ်တွင် တရားဝင်တည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။ Style San Co.,Ltd သည် စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေပြီး ကောင်းသောဂုဏ်သတင်းဖြင့် ကျော်ကြားသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ယခုအခါ Style San Co.,Ltd ၏ အမည်အား အသုံးပြု၍ စာရွက်စာတမ်းများနှင့် အချက်အလက်များကို တုပပြုလုပ်ပြီး ကိုယ်ကျိုးအတွက် အသုံးပြုနေသည်များကို သိရှိကြုံတွေ့နေရပါသည်။ ထိုသို့ တုပပြုလုပ်မှုများကြောင့် Style San ကုမ္ပဏီ၏ အကျိုးစီးပွားနှင့် ကောင်းသော ဂုဏ်သတင်းများကို ထိခိုက်စေသကဲ့သို့ အများပြည်သူကြားတွင်လည်း ထင်ယောင်ထင်မှား ဖြစ်ပေါ်စေပါသည်။

သို့ဖြစ်ပါ၍ ယခုကဲ့သို့ Style San ကုမ္ပဏီ၏ အမည်ကို အလွဲသုံးကာ တုပပြုလုပ်နေမှုအပေါ် ဆက်လက်လုပ် ဆောင်ခြင်းမပြုပါရန် သတိပေးအပ်ပါသည်။ လိုက်နာမှုမရှိဘဲ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက သက်ဆိုင်ရာ တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဇင်မာမြင့်** | **ဒေါ်သိင်္ဂီအောင်** | **ဦးနေဝင်းနိုင်** |
| **(LL.B, DBL)** | **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် - ၁၆၂၉၇)** | **(စဉ် - ၁၇၇၀၀)** | **(စဉ် - ၃၈၈၄၁)** |

**အမှတ်(C-1)၊ အခန်း(၃၀၁)၊ နှင်းဆီလမ်း၊ Highway-complex အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မြောင်းမြခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ် ၊ တရားမအထွေထွေမှုအမှတ်-၈

**ကွယ်လွန်သူ စောဘိုးချော ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

နော်ရိုးဒီ (လျှောက်ထားသူ)
ရေတွင်းရေကန်ကျေးရွာ၊ သဇင်ကုန်းကြီးကျေးရွာအုပ်စု
မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ သဇင်ကုန်းကြီး ကျေးရွာအုပ်စု၊ ရေတွင်းရေကန်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ စောဘိုးချော၏ ကျန်ရစ်သော ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဘုရားငုတ်တို ရှမ်းစုကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာရှိ ကွင်းအမှတ် ၂၆၉/ခ၊ ရှမ်းစုကွင်း၊ ဦးပိုင်အမှတ် ၈၂/၁၊ မြေအမျိုးအစား(H) ၊ မြေဧရိယာ ၃ ဒသမ ၂၁ ဧကရှိ ဥယျာဉ်မြေနှင့် ကွင်းအမှတ် ၂၆၉/ခ၊ ရှမ်းစုကွင်း၊ ဦးပိုင်အမှတ် ၈၁/၂၊ မြေအမျိုးအစား(Y)၊ မြေဧရိယာ ၅ ဒသမ ၄၄ ဧကရှိ ဥယျာဉ်မြေ တို့အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း နှင့် နော်ရိုးဒီက အမွေဆက်ခံခြင်းအက်ဥပဒေ အရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ စောဘိုးချော၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဧပြီ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က နော်ရိုးဒီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မတ် လ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

(ခင်ညွန့်ရှင်)
ဒုတိယခရိုင်တရားသူကြီး(၁)
မြောင်းမြခရိုင်တရားရုံး

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မြောင်းမြခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇

**ကွယ်လွန်သူ မန်းရိုးလင်း နှင့် နော်ဒီဘိုးရာ တို့၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု**

နော်ပစောဖော (လျှောက်ထားသူ)
ရေတွင်းရေကန်ကျေးရွာ၊ သဇင်ကုန်းကြီးကျေးရွာအုပ်စု
မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ သဇင်ကုန်းကြီးကျေးရွာအုပ်စု၊ ရေတွင်းရေကန် ကျေးရွာ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ မန်းရိုးလင်းနှင့် နော်ဒီဘိုးရာတို့၏ ကျန်ရစ်သော ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မဒေါ့ပင်ကျေးရွာအုပ်စု၊ မဒေါ့ပင်ကျေးရွာရှိ ကွင်းအမှတ် ၂၁၉/က၊ မဒေါ့ပင်အနောက်ကွင်း၊ ဦးပိုင်အမှတ် ၁၂/၁၊ မြေအမျိုးအစား(R)၊ မြေဧရိယာ ၆ ဒသမ ၅၇ ဧကရှိ လယ်မြေတို့အပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် နော်ပစောဖောက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဧပြီ လ ၁၀ ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ မန်းရိုးလင်းနှင့် နော်ဒီဘိုးရာတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်)၌ မိမိတို့ကိုယ် တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က နော်ပစောဖော၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မတ် လ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ညွန့်ရှင်)
ဒုတိယခရိုင်တရားသူကြီး(၁)
မြောင်းမြခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၆၄၇)၊ ဧရိယာ(၀ဒသမ၀၅၅) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ဦးမျိုးအောင်ဆန်း ၈/မဘန(နိုင်)၀၀၀၈၈၇ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးစိုးမင်းဟန် ၁၄/ဟသတ(နိုင်) ၁၉၇၄၉၉ နှင့် မှတ်ပုံတင်ရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ထုံးတောင်ကျေးရွာနေ (ဘ) ဦးညွန့်ဝင်း ၃/ဘအန(နိုင်)၀၃၇၆၂၃နှင့် အမိ ဒေါ်ရွှေကြည် ၃/ဘအန (နိုင်)၁၈၂၃၈၇တို့၏သမီး နော်ခင်မာဝင်း၃/ဘအန(နိုင်)၂၂၅၉၅၃သည် မိဘနှင့် မိသားစုဝင်များ စိတ်ဆင်းရဲအောင် ကြိမ်ဖန်များစွာပြုလုပ်ခဲ့ပါသဖြင့် မိဘနှစ်ပါးနှင့်မိသားစုများမှ ၎င်းအား မိသားစုဝင်အဖြစ်မှ စွန့်လွှတ်လိုက်သည်။ ယခုမှစ၍ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား မိဘနှစ်ပါးနှင့် မိသားစုများက လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးညွန့်ဝင်း ၃/ဘအန(နိုင်)၀၃၇၆၂၃**
**ဒေါ်ရွှေကြည် ၃/ဘအန(နိုင်)၁၈၂၃၈၇**

## ပတ်စ်ပို့ပျောက်

ပန်းတနော်မြို့၊ ကျုံတုံးကြီးအုပ်စု၊ ရွာသာကြီးရွာနေ (ဘ) ဦးစဖူတာ(ခ) အာတာ ၏သမီးဖြစ်သူ မဖြူဖြူဝင်း ၁၄/ပတန(နိုင်)၂၄၄၇၁၄ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၉၅၁ ၆၀၄ ၈၂၉**

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ခံဘဲ့အုပ်စု၊ ခံဘဲ့ကျေးရွာနေ မခရေဦး ၏ဖခင် ဦးသောကြာ (ခ) ဦးသိန်းပိုက်စိုး ၉/ဝတန(နိုင်)၁၂၆၈၀၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသောကြာ(ခ)ဦးသိန်းပိုက်စိုး**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်ဇေယျရပ်ကွက်၊ အကွက်အမှတ် (၆၀/အောင်သစ္စာရပ်)၊ ဦးပိုင်အမှတ်(၉၇/၂)၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧကကို ကျွန်ုပ်ဦးမျိုးသင်း ၅/ရဘန(နိုင်)၀၁၅၆၇၈ (ဘ)ဦးချစ်လှိုင်က ဦးသန့်စင်လင်း ၅/ကလထ(နိုင်)၀၀၄၄၉၄ ထံမှ ဝယ်ယူပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမျိုးသင်း**
**ဖုန်း-၀၉-၉၈၁၇၂၂၂၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/3995, King Long XMQ6802Y ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူ ၉/မထလ(နိုင်)၃၆၉၄၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၁၆-က/၃)၊ ဦးပိုင်အမှတ် ၇၃-င (ခဲစင်း)၊ ၇၇x၇၈ကြား၊ ၁၁၈x ၁၁၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ခင်ဌေး ၉/မရတ(နိုင်)၀၇၆၆၅၆၏ (SP ရရှိသူ ဒေါ်ခင်မျိုးကြည်)က အမှုတွဲအမှတ်(၇၂၇၁/ ၂၀၂၄-၂၀၂၅) ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၄၆၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းကြည် ၁၀/ခဆန(နိုင်)၀၁၆၄၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်အထွေထွေပိုလျှံရန်ပုံငွေ (GRF) ဖြင့် လွှတ်တော်ဝင်းအတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- (Lot 1) ထမင်းစားခန်းမကြီးဆောင်(B-ဆောင်)ရှိ Roof Slab များ ရေလုံလုပ်ငန်းဆောင်ရွက်ခြင်း
- (Lot 2) ရေးရာဆောင်များရှိ Roof Slab များ ရေလုံလုပ်ငန်း ဆောင်ရွက်ခြင်း
- (Lot 3) ပြည်သူ့လွှတ်တော် E-mail System မွမ်းမံတပ်ဆင်ခြင်း
- (Lot 4) လွှတ်တော်အဆောက်အဦများရှိ Mitsubishi City Multi System လေအေးပေးစက်များမွမ်းမံခြင်း
- (Lot 5) ရေသန့်ဆိုင်ရာ အရန်ပစ္စည်းများဝယ်ယူခြင်း
- (Lot 6) Power Backup System Spare Parts ဝယ်ယူခြင်း

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ( ၂၈- ၃-၂၀၂၅)ရက်နေ့မှ (၈-၄-၂၀၂၅)ရက်နေ့ထိ (၉:၃၀)နာရီမှ (၁၆:၀၀)နာရီထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် | - ( ၉- ၄- ၂၀၂၅)ရက်နေ့ ၊ ဗုဒ္ဓဟူးနေ့ (၁၄:၀၀)နာရီထိ (ရုံးချိန်အတွင်း) |
| ၄။ | တင်ဒါဖွင့်မည့် ရက်/နေရာ/အချိန် | - ထပ်မံအသိပေး အကြောင်းကြားသွားပါမည်။ |

၅။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့၊ လွှတ်တော်ဝင်း (ICT-2)ရှိ သက်ဆိုင်ရာဌာနခွဲများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက်အလက်များအား အောက်ပါ ဖုန်းနံပါတ်များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
ဖုန်း ၀၆၇-၆၉၅၆၅ (မြို့ပြဆိုင်ရာလုပ်ငန်းများ)
ဖုန်း ၀၆၇- ၆၉၅၆၆၊ ၀၉-၇၆၅၁၉၅၈၄၂(ရေသန့်ဆိုင်ရာလုပ်ငန်းများ)
ဖုန်း ၀၆၇-၆၉၅၆၇ ၊ ၀၆၇-၆၉၅၂၅(လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ)

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ ၂၀)
## ကြံခင်းမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ်-၃

| | | |
|---|---|---|
| ဒေါ်အေးအေးနိုင် | နှင့် | ဦးဖြိုးမင်းလတ် |
| **(တရားလို)** | | **(တရားပြိုင်)** |

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့၊ ရွှေတောင်စုရပ်ကွက်၊ (၇)လမ်းနေ ဦးဖြိုးမင်းလတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၈ )ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း(၁၁) ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူက တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ( ၂၅ ) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထက်အောင်လှိုင်)
ဒုတိယမြို့နယ်တရားသူကြီး
ကြံခင်းမြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၃)၊ ဦးပိုင်အမှတ် ၇၃-င(ခဲစင်း)၊ ၇၇x၇၈ ကြား၊ ၁၁၈x၁၁၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ခင်ဌေး ၉/မရတ(နိုင်)၀၇၆၆၅၆ ၏ (SP ရရှိသူ ဒေါ်ခင်မျိုးကြည်)က အမှုတွဲအမှတ် (၇၂၇၀/ ၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ**

**လူ့မိတ်ဆွေ**

## ပတ်စ်ပို့ပျောက်

ဦးသာလှိုင်၏သမီး ဒေါ်ဆန်းရီ ၆/သရခ(နိုင်)၀၂၇၇၅၁၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၅၁၉၃၂

## မွေးသက္ကရာဇ်အမှန်

ဦးစိန်တင်၏သမီး ကျွန်းစုမြို့နယ်၊ အထက(စခန်းသစ်) မှ အထပြ ဆရာမ ဒေါ်ကြူကြူရှင် ၆/ကစန(နိုင်)၀၀၉၉၁၉ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်စာရင်းအရ ၃-၈-၁၉၆၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(ခွဲ) အလက(၁၀) Grade-6မှ ဦးနိုင်ဦး၏သား မောင်ဩခန့်ပိုင်၏ အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးနိုင်နိုင်စိုး ၆/မမန(နိုင်)၂၂၅၁၄၆ ဖြစ်ပါကြောင်း။

ဦးနိုင်နိုင်စိုး

## Passport ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၇/ရပ်ကွက်၊ သီရိဇေယျာ ၁၈ လမ်းနေ ဦးအောင်စိန် ၁၂/ဥတထ(နိုင်)၀၂၇၇၀၉၏ နိုင်ငံကူးလက်မှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၇၂၆၆၉၇၈




## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ သူရဲသမိန်ကျေးရွာနေ ဦးစည်သူအောင် (ဘ) ဦးသန်းအောင် ၇/ဝမန(နိုင်) ၁၀၆၆၁၇ နှင့် ဒေါ်ရီရီမြင့် (ဘ)ဦးရဲလွင် ၇/ဝမန (နိုင်)၁၀၃၂၀၈ တို့သည် ၂၀၁၀ ပြည့်နှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အညီလင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီးနောက် ယခုအခါတွင် စိတ်သဘောထားခြင်း တိုက်ဆိုင်ခြင်းမရှိတော့ပါ၍ အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိပါသောကြောင့် (၂၁-၃-၂၀၂၅) ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းအရာ ကိစ္စရပ်နှင့်ပတ်သက်၍ လုံးဝ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ရဲကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၆၁၂)**
**တိုက်အမှတ် (၄၀)၊ အခန်း(၃၁)၊ ရွှေအုန်းပင်အိမ်ရာ (၂)၊**
**ရန်ရှင်းလမ်းမကြီး၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၂၀၄၇၄၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကော့သောင်းမြို့၊ မလိဝမ်းကျေးရွာအုပ်စု၊ (၂၂)မိုင်ကျေးရွာ၊ ဗိုလ်ချုပ်လမ်းတွင် နေထိုင်သည့် ကျွန်တော် ဦးသန့်ဇော်တင့်(ဘ)ဦးကျော်ဝင်း ၁၁/ကဖန(နိုင်)၀၆၂၇၄၂သည် အရောင်းအဝယ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူထားသော ကော့သောင်းမြို့၊ ရွှေပြည်စိုး(အေးချမ်းမြိုင်)အကွက်သစ်၊ အကွက်အမှတ်(၆၈၄)၊ မြေကွက်အမှတ်(၆၃)၊ (၄၀ x ၆၀)ဦးတင်ဝင်းအမည်ဖြင့် ထွက်ရှိထားသော ရှေ့ဦးမြေပေးမိန့်မှာ သိမ်းထားစဉ်အတွင်း ပျောက်ဆုံးသွားခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနတွင် ရှေ့ဦးမြေပေးအမိန့်အား လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက စတင်ကြေညာသည့်ရက် (၂၆-၃-၂၀၂၅) ရက်မှ (၁၀-၄-၂၀၂၅)ရက်ထိ (၁၅)ရက်အတွင်းမည်သူမဆို ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန့်ဇော်တင့်**
**၁၁/ကဖန(နိုင်) ၀၆၂၇၄၂**

## အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးကျော်စွာ(ဘ)ဦးသန့်ဇင်လတ် ၁၂/မဂဒ(နိုင်)၁၉၀၀၄၆နှင့် ဒေါ်နှင်းအေးဝေ (ဘ)ဦးမင်းစိုး ၁၂/သဃက(နိုင်)၂၀၄၇၃၃၂ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၁၇-၂-၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေများဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဦးကျော်စွာနှင့် ဒေါ်နှင်းအေးဝေတို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းအေးဝေ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်-၃ ရပ်ကွက်၊ သန့်ဇင်လမ်း၊ အမှတ်-၂၄ နေ ဦးမျိုးမြင့် (၁၂/လမတ(နိုင်)၀၂၀၇၇၀)နှင့် ဒေါ်တင်မိုးဝေ(၁၂/လမတ(နိုင်)၀၀၁၇၉၁) မောင်နှမနှစ်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ ဖခင်ဖြစ်သူ ဦးချစ်ဆွေ (YDN-012561) သည် (၁-၃-၂၀၂၅)ရက်တွင်လည်းကောင်း၊ မိခင် ဖြစ်သူ ဒေါ်အေးအေးမြင့် (H/RGN-009823)သည် (၂၂-၃-၂၀၀၆)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြပြီးဖြစ်ပါသည်။ မိဘများကွယ်လွန်ချိန်တွင် ဖခင်အမည်ပေါက် "ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သမိုင်းမြို့မြေကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ ဦးပိုင်အမှတ်-(၂)ရှိ မြေကွက်မှခွဲစိတ်ထားသော အိုး/အိမ်ဦးစီးဌာန၊ မြေတိုင်းဌာနခွဲ၏ (၁၈-၁၁-၈၀) မိတ္တူမှန်မြေပုံအရ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ ဦးပိုင်အမှတ်(၂)၊ လ/န(၃၉)ရပြီး၊ ဘိုးဘွားပိုင်မြေမှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ် ( အလျား ၈၀ x အနံ ၄၇) ပေ မြေ (ယခုအခေါ်) မရမ်းကုန်းမြို့နယ်၊ အမှတ်-၃ ရပ်ကွက်၊ သန့်ဇင်လမ်း၊ အမှတ်-၂၄ အကျယ်အဝန်း (အလျား ၈၀ x အနံ ၄၇) ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အုတ်ညှပ်သွပ်မိုးအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး" တို့သည် အမွေဆိုင်ပစ္စည်း အဖြစ်ကျန်ရှိခဲ့ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အုတ်ညှပ်သွပ်မိုးအိမ် (၂)လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အမွေဆိုင်များဖြစ်သည့် ကျွန်ုပ်မိတ်ဆွေ (၂)ဦးမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်းများ မပြုလုပ်ကြရန်နှင့် အကယ်၍လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ မလွှဲမရှောင်သာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေများ၏ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

**ဦးမျိုးမြင့်၊ ဒေါ်တင်မိုးဝေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သင်းသင်းခိုင်** | **ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း** |
| **( LLB,D.B.L, D.M.L)** | **(LLB, D.B.L)** |

**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၆၇)အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉)**
**အမှတ်(၄)၊ (မြေညီ/အေ)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့ နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၇၃၇၂၊ ၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၂၆၀၉၀၃၀၀၁**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးစီကူးမား (၁၂/သဃက(နိုင်)၁၄၇၀၈၂)သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၆)၊ မြေကွက်အမှတ် (၆၃၆/က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ ဦးသိန်းအောင် အမည်ပေါက် ပါမစ်အမျိုးအစား မြေကွက်ကြီးထဲမှ မြေကွက်၏ခေါင်းရင်းခြမ်း၊ (၁၀ ပေ x ၆၀ ပေ)ရှိ ပါမစ်မိတ္တူ မြေကွက်အားတရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပါသည်။ (၂၂-၃-၂၀၂၅)ရက်တွင် အထက်ဖော်ပြပါ ကျွန်တော်၏နေအိမ်အား အိမ်ဖောက်ထွင်းခံရပြီး ကျွန်တော်နေထိုင်လျက်ရှိသော အထက်ဖော်ပြပါနေအိမ်၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းပါမစ်မိတ္တူ၊ အရောင်းအဝယ်စာချုပ်မူရင်း(၁)စောင်၊ ဆက်စပ်စာချုပ်များ အိမ်ထောင်စု လူဦးရေစာရင်းမူရင်း၊ ကလေးမွေးစာရင်းမူရင်းမှာ ခိုးယူခံခဲ့ရပါသည်။ ကျွန်တော်မှလည်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းသို့ အကြောင်းကြားတိုင်ကြားထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ပျောက်ဆုံးသွားသော မြေကွက်၏ စာရွက်စာတမ်းများအား ကျွန်တော်၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းများမပြုလုပ်ရန်နှင့် ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ထိုသို့ပြုလုပ်သူအား ကျွန်တော်၏ နစ်နာဆုံးရှုံးမှုအတွက် ဥပဒေလမ်းကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစီကူးမား ၁၂/သဃက(နိုင်)၁၄၇၀၈၂၊**
**အမှတ်(၆၃၆/က)၊ နဝရတ်ကိုးသွယ်လမ်း၊ (၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်(၄)၊ မြေကွက်အမှတ်(၉၉)၊ မြေဧရိယာ( ၁ဒသမ၀၀)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဒေါ်အားရင် (ဘ)ဦးချင်ဆင်း ၁၃/မရတ(နိုင်)၀၁၂၂၃၂၊ အမှတ်(၅၅)၊ ပါရမီအိမ်ရာ၊ Parami Valley၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံ မှ ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ဇောတိက(၂)လမ်း၊ အမှတ်(၁၄)နေ ဖခင် ဦးအောင်သိန်း(၁၄/ဘကလ(နိုင်)၀၄၂၃၂၂)နှင့် မိခင် ဒေါ်စန်းအေး (၁၄/ဘကလ(နိုင်)၀၄၂၃၂၅)တို့၏သမီးဖြစ်သူ မပန်းဒေလီ (၁၂/မဂဒ(နိုင်)၁၇၆၅၄၆)သည် မိဘ၏ဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူလုပ်ရပ်များအား ဆောင်ရွက်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် မပန်းဒေလီနှင့် ပတ်သက်ဆက်နွယ်သော ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ၊ အရှုပ်အရှင်းပြဿနာနှင့် အခြားမည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နီနီအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၅)**
**လိုင်စင်ကျသည့်နေ့ (၁၆-၅-၂၀၁၇)**
**အမှတ်(၇၀)၊၂ လမ်း၊ အေးသာယာကွက်သစ်၊ ပ.လ.ရ အပိုင်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၀၈၄၅၈**

## နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ လူနေရပ်ကွက်-သပြေကုန်းရပ်ကွက်၊ မြေကွက်အမှတ်(S-127)၊ ဧရိယာ(၀.၂၂၉)ဧက၊ (၁၀၀x၁၀၀)ပေ အကျယ်အဝန်းရှိသော ဦးကျော်ထူး(ဘ) ဦးဝင်းမြင့် (၅/ကလတ(နိုင်)၀၀၂၀၃၈) ကိုင်ဆောင်သူအမည်ပေါက် နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အမှတ်(S-127)နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလက်ရှိထားအမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးကျော်ထူး(ဘ) ဦးဝင်းမြင့် (၅/ကလတ(နိုင်)၀၀၂၀၃၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီကြပါသောကြောင့် ရောင်းကြေးစရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းသန္တာဇော်(LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃/၁၈၄)၊ အုတ်ကျင်းရပ်ကွက်၊ ဦးဘွားလမ်း၊ ပျဉ်းမနားမြို့၊**
**ဖုန်း- ၀၉-၄၂၀၅၄၈၇ ၀၉-၇၉၇၈၅၁၈၅၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆/၂၆၊ ပန်းဘဲတန်း)၊ ဦးပိုင်အမှတ်(၄၈၊ ၄၉)၊ မြေဧရိယာ(၀.၁၄၂)ဧကရှိမြေသည် သီရိဇေယျာ အထွေထွေ စီးပွားရေးလုပ်ငန်းသမအသင်းစုလီမိတက်အမည်ဖြင့် မြေငှားဂရန်အမှတ်စဉ် (၇၆)၊ အမှုတွဲအမှတ် RP NO. ၁၉/င၊ ၁/င၊ ၁၉၇၈-၇၉ အရ သက်တမ်းမှာ (၁၅-၁-၁၉၈၀) မှ (၁၄-၁-၂၀၁၀)ထိ လည်းကောင်း၊ ဦးပိုင်အမှတ် (၅၀/ဈ-၁၊ ၅၁/က-၁)၊ မြေဧရိယာ(၀.၀၁၁)ဧကရှိမြေသည် အမှုတွဲအမှတ် RP NO. ၂၃ of ၂၀၀၀ အရ သက်တမ်းမှာ (၂၀-၇-၁၉၉၄) မှ (၁၉-၇-၂၀၂၄) ရက်ထိ နှစ်(၃၀)မြေငှားဂရန်များ ရရှိထားပြီးဖြစ်ကြောင်း၊ ယခုအခါ မြေငှားဂရန်သက်တမ်းများသည်လည်း ကုန်ဆုံးသွားပြီဖြစ်ပါသဖြင့် ဥက္ကဋ္ဌ၊ ဒေါ်ခင်စန်းရီမှ သီရိဇေယျာအထွေထွေစီးပွားရေးလုပ်ငန်းသမအသင်းစုလီမိတက်အမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ် RA-V/ကွပ်ပြင်-၅၊ ဦးပိုင်အမှတ်(၂၂-ဆ)၊ မြေဧရိယာ (၀ဒသမ၆၈) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးနေမျိုးဝင်း ပါ(၂)ဦး ၉/ပဥလ(နိုင်) ၀၃၃၀၃၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/53398, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးဆွေ ၁၄/မမန(နိုင်) ၀၀၂၅၁၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/49718, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၁၄/ဟသတ(နိုင်)၃၅၅၃၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ကက္ကူကြီးကျေးရွာအုပ်စု သရော်ကုန်းကျေးရွာနေ (ဦးစန်းလွင်)-ဒေါ်မတိုး၏သား မောင်အောင်သူလွင် ၁၄/ငသခ(နိုင်)၀၁၇၇၉၁သည် မိဘဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံမှုမရှိသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်မတိုး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့ ၊ပတ္တမြားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၈၄/လင်မလို ရွှေကူကွင်း)၊ မြေကွက် အမှတ်(ခ/၂၁)၊ မြေဧရိယာ(၀.၀၈၃)ဧကရှိမြေသည် ဦးကိုကိုမြင့် အမည်ဖြင့် RP No. ၈ of ၂၀၀၈-၂၀၀၉ ဖြင့်နှစ်(၃၀)မြေငှားဂရန် ရရှိထားပြီး မြေငှားဂရန်သက်တမ်းမှာ (၂-၄-၂၀၀၈)မှ (၁-၄-၂၀၃၈)အထိ ဖြစ်ပါသည်။ (၉-၉-၂၀၂၄)ရက်တွင် ဦးကိုကိုမြင့်(ဘ) ဦးမြစိန်(၁၃/မမတ(နိုင်)၀၂၂၆၂၉)မှ ဦးမောင်မောင်(ဘ)ဦးမော်ဟန်ရင်(၉/မရမ(နိုင်)၀၀၀၂၀၃)သို့ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ ဦးမောင်မောင် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## HECNY TRANSPORTATION (MYANMAR) LIMITED
## ဖျက်သိမ်းရန်ကြေညာချက်

၁။ HECNY TRANSPORTATION (MYANMAR)LIMITED ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၄-၃-၂၀၂၅) ရက်က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမာန်ထက်ထူးကဲသည့် အထူးအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် B97/4,Chinsu Road, Nawaday Shop House , Nawaday Garden Housing, (6) Ward Hlaing Thar Yar Township Yangon နေ ဒေါ်သီတာအေး (B.Com, CPA) ၈/မကန (နိုင်) ၀၁၀၅၂၈ အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

**ဒေါ်သီတာအေး (B.Com.CPA)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**(MAIP-၀၀၁၉၃)**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၁-ခ)၊ အကွက်အမည်-ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်-(ဗ/၇/၁)၊ ဧရိယာ ၀ ဒသမ ၀၂၆ ဧကကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဦးလှသိန်းပါ (၆)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဧပြီလ(၂၀)ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၈၄၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ဒေါ်ထက်ထက်ဆွေ ၁၂/ဗတထ(နိုင်)၀၀၁၆၀၆ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး ဒေါ်သိမ့်ဟန်သူဇော် ၁၂/ဥကမ(နိုင်)၂၃၇၆၁၄ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးကျော်သက်အောင် ၉/ပကခ(နိုင်)၀၃၂၁၂၆ ၏ သား ဇမ္ဗူသီရိမြို့နယ်၊ Future Champs English Pre-School တွင် တက်ရောက်နေသော မောင်ငြိမ်းခန့်သူရိန်၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁၂-၂၀၁၉ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 85W/19615 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-၀၉၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်အိမွန်ဝင်း ၁၄/ကခန (နိုင်)၀၇၃၃၅၂ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်နန်းဝင့်ဝင့်ဖြိုးသူ ၁၂/သကတ(နိုင်) ၁၅၉၉၀၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍(၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82K/41704 Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးမောင် ၉/ပမန(နိုင်) ၂၈၂၇၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 32W/18793 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးငွေးလွင် ၁၄/ဟသတ(နိုင်) ၁၀၇၀၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသံာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ်(၁၂)၊ အခန်းအမှတ် ၂၀၄(ဒုတိယလွှာ)၊ အကျယ် ၈၀၀စတုရန်းပေရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မော်တော၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ၊ လက်ဝယ်ပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ထိပ်ထား ၁၂/သဃက(နိုင်) ၁၅၉၂၁၄ အမှတ် ၆(ဘီ)၊ သုမောင်ကွန်ဒို၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ် နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၂၁)**
**LL.B,D.I.R, D.I.L,D.M.L.DL-101(WIPO)**
**အမှတ်(၅၈၁)၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၁၉၇၉၃၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 59W/94521 Honda Click 125 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် (ခ-၆)၊ ဦးပိုင်အမှတ် (၈)၊ ၄၁ လမ်း၊ ၆၇ x ၆၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစည်သူဝင်း၏ (SP ရရှိသူ ဒေါ်သီတာဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၉၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးမြင့်ကြည် ၉/မဟမ(နိုင်)၀၀၄၂၂၄၊ ဦးစံမင်းကြည် ၉/မဟမ(နိုင်)၀၂၃၇၇၉ တို့က အမှုတွဲအမှတ်(၇၃၅၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ ၃ ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၄၈/ခ)ရှိ အကျယ်အဝန်းအလျား (၆၀)ပေx အနံ(၂၀)ပေရှိသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်စန်းလှ အမည်ပေါက်ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်တစ်လုံး အပါအဝင်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ဝယ်ယူပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူဒေါ်ခင်မာအေး ၁၂/အစန(နိုင်)၀၀၃၇၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးချမ်းအောင် ၁၄/ဖပန(နိုင်)၁၂၂၀၄၂ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ယင်းအိမ်နှင့်မြေနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာအောင်(LL.B)**
**အထက်တန်း ရှေ့နေ (စဉ်-၅၅၂၀၃)**
**အမှတ်-၂၅၊ ရွှေဥဒေါင်းလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၉၅၁၅၂၅၈၈၀၊ ၀၉-၆၈၈၀၃၁၁၈၀**

## ဘုရား ၊ ရဟန်း ၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အဝါ (ခ) ဒေါ်ရွှေဝါ
## ရွှေဘဲစားသောက်ဆိုင်များ၏ မိခင်ကြီး
## အသက် (၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်နေ(ဦးကောင်းရှူး-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးတန်ခေကွမ်)၏ ဇနီး၊ (ဦးခင်မောင်ဦး)၊ ဦးတင်မောင်သိန်း-ဒေါ်ခင်မေသန်း၊ ဦးဇော်ဇော်အေး-ဒေါ်သန်းသန်းတို့၏မိခင်၊ မြေး (၉)ယောက်၏ ချစ်လှစွာသော အဘွားသည် (၂၅-၃-၂၀၂၅)ရက် (အင်္ဂါနေ့) ညနေ (၆:၁၀)နာရီတွင် ၉၆ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၂၉-၃-၂၀၂၅)ရက် (စနေနေ့) နံနက် (၉:၀၀) နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် (၇:၃၀) နာရီတွင် ထွက်ခွာပါမည်)

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးစောဝါးလယ်
## အသက် (၇၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးကျော်ဒွန်းဖဲလမ်း၊ အမှတ် (၁၈) နေ (စောဇီးနပ်(စ်)တာမလာ - နော်လှရင်) တို့၏သား၊ (ဦးလှရွှေ - ဒေါ်ရင်ခွမ်း)တို့၏ သားသမက်၊ ဒေါ်ညိမ်းညိမ်းဝင်း-စောဒိုဝါး၊ ဒေါ်လွဲ့လွဲ့ဝင်း-စောလောလ (USA)၊ စောမျိုးဟိန်းဝင်း (USA)၊ ဒေါ်ချောချာဝင်း-ဦးဇော်ထွဋ်အောင် တို့၏ဖခင်၊ စောရှုလုံးဒို၊ နော်အယ်မာဝင်း၊ Abigail Tamala Lorla ၊ Grace Lily Lorla၊ သုကောင်းကင်၊ သုကောင်းမြတ်သာတို့၏ အဘိုး၊ ဒေါ်လှဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးစောဝါးလယ်သည် ၂၅-၃-၂၀၂၅ရက် (အင်္ဂါနေ့) ည ၆:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၃-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီတွင် ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်တွင် ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (သူဌေးကုန်း) ဘုရာကျောင်းရှေ့တွင် ကားစီစဉ်ထားပြီး ၂၇-၃-၂၀၂၅ရက် နံနက် ၈:၀၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/7749, MAZDABONGO SK 82T, PICK UP (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းလှိုင် ၇/ကတခ (နိုင်) ၁၂၁၀၄၉ က( ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၃၅၀)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ဦးမျိုးအောင်ဆန်း ၈/မဘန(နိုင်) ၀၀၀၈၈၇မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးစိုးမင်းဟန် ၁၄/ဟသတ(နိုင်) ၁၉၇၄၉၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အမှတ် (၁)လမ်း၊ စာချွန်ခံရပ်ကွက်နေ ဦးကြည်လွင် ၉/ပမန(နိုင်)၁၈၇၁၇၂ နှင့် ဒေါ်အေးအေးသင့် ၉/ပမန(နိုင်)၁၉၁၃၄၉တို့၏ သမီး မငြိမ်းလဲ့လွင် ၁၄/အမန(နိုင်)၂၄၉၀၂၃သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအရ အိမ်ထောင်ပြုသွားသည့်အတွက် ၂၄-၃-၂၀၂၅ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း။

**ဖခင် ဦးကြည်လွင်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၈၄/လင်မလို ရွှေကူကွင်း)၊ မြေကွက်အမှတ်(ခ/၂၂)၊ မြေဧရိယာ(၀.၁၁၀)ကေရှိ မြေသည် ဦးကိုကိုမြင့် အမည်ဖြင့် RP No. of ၂၀၁၀-၂၀၁၁ ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားပြီး မြေငှားဂရန်သက်တမ်းမှာ (၂၉-၃-၂၀၁၁)မှ (၂၈-၃-၂၀၄၁)အထိဖြစ်ပါသည်။ (၉-၉-၂၀၂၄)ရက်တွင် ဦးကိုကိုမြင့် (ဘ) ဦးမြစိန် (၁၃/မမတ(နိုင်)၀၂၂၆၂၉)မှ ဦးမောင်မောင်(ဘ)ဦးမော်ဟန်ရင်(၉/မရမ(နိုင်)၀၀၀၂၀၃)သို့ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချပြီး စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ ဦးမောင်မောင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ၊ တန်ဆောင်း ဒါယကာကြီး
## ဂုဏ်ထူးဆောင်နာယကကြီး ဦးဘရှန်(ကျောက္ကာ/ပုလော/မြိတ်)
## သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်(၆၉/၇၁) နေ (ဦးမကပ်-ဒေါ်မဝွန်း) တို့၏သား၊ (ဒေါ်တင်ရီ)၏ချစ်လှစွာသောခင်ပွန်း၊ ပုလောမြို့နယ်အသင်း(ရန်ကုန်)တွင် ဒုတိယဥက္ကဋ္ဌ၊ အကြံပေးနာယက၊ ဂုဏ်ထူးဆောင် နာယကကြီးအဖြစ် နှစ်ပေါင်းများစွာထမ်းဆောင်ခဲ့သော ဦးဘရှန်သည် ၂၄-၃-၂၀၂၅ရက် (တနင်္လာနေ့) နံနက် ၈:၃၃နာရီတွင် ဘန်ကောက်မြို့ Bumrungard ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် သားသမီးမြေးများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

နာယက ဦးစိန်သက်၊ ဦးတင်လှ၊ ဥက္ကဋ္ဌ ဦးမောင်လှ၊ ဒု-ဥက္ကဋ္ဌ ဦးမြင့်လွင်
အထွေထွေအတွင်းရေးမှူး ဦးအေးကို၊ အတွင်းရေးမှူး ဦးကျော်ရွှေ၊ အမှုဆောင် ဦးသန့်ဇင်
ပုလောမြို့နယ်အသင်း(ရန်ကုန်) ကျောက္ကာကျေးရွာသား အမှုဆောင်များ

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် အ-၁/ပဒေသာ၊ ဦးပိုင်အမှတ် (၁၁၁၊ ၁၁၂)၊ မြေဧရိယာ(၀.၁၁၀) ကေရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်၊ အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးသန်းထွဋ် (၉/ မရမ (နိုင်) ၀၀၁၄၄၈) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးလွန်းဝေ
## ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးရှေ့ဆောင်လမ်းပြသူ
## အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်၂၇(A1)နေ (ဒေါက်တာခင်မာမာ)၏ခင်ပွန်း၊ ဒေါက်တာဦးလွန်းဝေ(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးရှေ့ဆောင်လမ်းပြသူ သည်၂၅-၃-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း**
**ရန်ကုန်မြို့**

## ဘုရား၊ ရဟန်း ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်အေမီကို
## အသက် (၇၉) နှစ်

မန္တလေးမြို့၊ ယူနီယံရိပ်သာနေ (ဦးခင်မောင်ကို-ဒေါ်မြသန်း) တို့၏ သမီးကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ တတိုင်းမွှေးလမ်း၊ အမှတ်၅၀/၂ နေ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသိုက်စိုး ၏ ဇနီး၊ ဒေါ်တင်နွယ်စိုး (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)၊ (ဦးသီဟစိုး)-ဒေါ်ခင်သန္တာစိုး၊ ဦးဇော်မင်းဦး-ဒေါ်အေးဖြူစိုး၊ ဦးမင်းသန့်စိုး တို့၏ မိခင်ကြီး၊ ကိုအာကာစည်သူ-မသက်စုစုဇော်၊ မအေးမြမြဇော်၊ မောင်သုတညာဏ် တို့၏ ဘွားဘွား၊ မောင်အံ့ဘုန်းအာကာ ၏ ဘွားဘွားကြီး ဒေါ်မြင့်မြင့်စိန်(ခ) ဒေါ်အေမီကို သည် ၂၆-၃-၂၀၂၅ ရက်နေ့ ၊ (၁၈:၃၀)နာရီတွင် နေပြည်တော်၊ အမှတ်(၂) စစ်ဆေးရုံ(ခုတင် ၁၀၀၀) တွင် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ၂၈-၃-၂၀၂၅ရက် (၁၂:၀၀) နာရီတွင် တပ်မတော်စစ်သင်္ချိုင်းတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်သန်း(ခ)အေးအေး
## နိုင်ငံခြားရေးဝန်ကြီးဌာန
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁လမ်း၊ အမှတ်(၁၆၈)နေ (ဦးလှ မောင်-ဒေါ်မြမြ)တို့၏သမီး၊ (ဦးမျိုးမော်)၏ဇနီး၊ (ဦးတင်ဝင်း)-ဒေါ်တင်တင်စိန် တို့၏ညီမသည် ၂၅-၃-၂၀၂၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၂၇-၃-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်အေမီကို
## အသက် (၇၉) နှစ်

မန္တလေးမြို့၊ ယူနီယံရိပ်သာနေ (ဦးခင်မောင်ကို-ဒေါ်မြသန်း) တို့၏သမီးကြီး၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ခင်မောင်ဝင်း - ဒေါ်ခင်နွယ်ဖူး၊ ဒေါက်တာကြည်ဝင်း-ဒေါက်တာကြူကြူရွှေ၊ ဒေါ်နုနုယဉ်(အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ ဥပဒေရေးရာဝန်ကြီးဌာန)၊ (ဦးစိန်မြင့်)-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ယုယုခင်(ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန)တို့၏ အစ်မကြီးဖြစ်သူ ဒေါ်မြင့်မြင့်စိန် (Amy Ko) အသက်(၇၉)နှစ်သည် ၂၆-၃-၂၀၂၅ ရက်နေ့၊ ညနေ ၆:၃၀ နာရီတွင် ဘဝတစ်ပါးကူးပြောင်းသွားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

## မှတ်ပုံတင်ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဦးသော်၏ သမီး မရည်မွန်သော်၏ နိုင်ငံသားစိစစ်ရေးကတ် ၅/မရန(နိုင်) ၁၅၁၂၂၂ မှာ (၂၂-၃-၂၀၂၅)ရက်တွင် ပြင်ဦးလွင်မြို့၌ ဈေးဝယ်ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**မရည်မွန်သော်**
**ဖုန်း-၀၉-၄၀၄၉၈၈၈၀၇**

## ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 4M/6417, Suzuki Carry DA 63T, P/U ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၅/ပလန(နိုင်)၀၂၀၂၇၇ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/67033, Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဦးဝေ ၉/ဝတန(နိုင်)၁၄၄၄၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒိုက်ဦးမြို့၊ အမှတ်(၇)စက်ကွင်းရပ်ကွက်၊ ဒဂုန်မန်းလမ်းနေ ဒေါ်မာမာဦး ၇/ဒဥန(နိုင်) ၀၁၁၉၇၆ ၏သား မောင်ပြည့်ထက်ထွန်း ၇/ဒဥန(နိုင်) ၁၃၆၈၆၂သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအကြောင်းအရာများအား တာဝန်ယူမည်မဟုတ်ကြောင်းနှင့် မိမိတို့နှင့် မသက်ဆိုင်ပါကြောင်း။

**ဒေါ်မာမာဦး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ အမှတ်(2A-309)(၃လွှာ)တိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အေးအေးနွယ် ၁၀/သဖရ(နိုင်) ၀၀၄၈၆၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးစိုင်းသုထက်ဦး ၁၂/အစန(နိုင်) ၁၉၂၃၂၄၊ ဒေါ်ရတနာရီ ၁၂ /အစန(နိုင်) ၁၉၈၄၇၉တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၇/ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (ဂ/၂၅၂)၊ မြေဧရိယာ(၀.၀၈၃)ကေရှိမြေသည် ဒုအရာခံဗိုလ်စန်းမောင် အမည်ဖြင့် RP No. ၂၆ of 1998 ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး မြေငှားဂရန်သက်တမ်းမှာ (၃-၃-၁၉၉၈)မှ (၂-၃-၂၀၂၈)အထိဖြစ်ပါသည်။ အဆိုပါမြေငှားဂရန်အား အရပ်ကတိစာချုပ်များဖြင့် ချုပ်ဆိုဝယ်ယူခဲ့ကြ၍ (၂၅-၉-၂၀၂၄)ရက်တွင် ဦးဘိုဘိုလင်းမှ ၂၀၁၇ခုနှစ်က ဝယ်ယူကာ လက်ရှိ နေထိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း စစ်ကိုင်းမြို့နယ်တရားရုံးတွင် ကျမ်းကျိန်ဆိုခဲ့၍ (၂-၁၀-၂၀၂၄)ရက်တွင် ဦးဘိုဘိုလင်း(ဘ) ဦးသိန်းမောင်(၅/ကလန(နိုင်)၀၃၃၈၄၈) မှ ဦးမြင့်ဝေ(ဘ)ဦးသိန်းမောင်(၅/ကလန(နိုင်)၀၂၄၀၇၁) သို့မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချပြီး စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ ဦးမြင့်ဝေအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

❖ **သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့် စိတ်မွေး၍ ဆောင်ရွက်ကြရန် ...**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန် ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## MNL-2 Promotion Amateur Club Tournament ဆီမီးဖိုင်နယ်တွင် Young Boy နှင့် YRFA အသင်းတို့ အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် မတ် ၂၆**

MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို သုဝဏ္ဏကွင်း၌ ယနေ့ကျင်းပရာ Young Boy နှင့် YRFA အသင်း တက်ရောက်သွားသည်။

ဗိုလ်လုပွဲ တက်ရောက်သွားသည့် Young Boy အသင်းနှင့် YRFA အသင်းသည် လာမည့်ရာသီ MNL-2 (ပထမတန်း) ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ နံနက်ပိုင်းကကျင်းပသည့် ဆီမီးဖိုင်နယ် ပထမပွဲတွင် Young Boy အသင်းက 10/Mon အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❏



YRFA အသင်းနှင့် Zan United အသင်း ယှဉ်ပြိုင်စဉ်။

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲမည်



နီပေါလေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း။

**ရန်ကုန် မတ် ၂၆**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို မတ် ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းခြေစစ်ပွဲကို အသင်းစုစုပေါင်း ၃၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်ခုခွဲ၍ ငါးသင်းနှစ်အုပ်စုနှင့် လေးသင်း ခြောက်အုပ်စု ပါဝင်မည်ဖြစ်သည်။ ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စုပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ အုပ်စုရှစ်ခုကို အိမ်ရှင်နိုင်ငံများအဖြစ် မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့ကို ရွေးချယ်ထားသည်။ ခြေစစ်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်အရ Pot-1 တွင် မြောက်ကိုရီးယား၊

*စာမျက်နှာ ၉ ကော်လံ ၄* ❖

**ယနေ့ သတင်းအညွှန်း**

**လက်ရှိကာလမှာ ပြည်သူလူထု တွေ့ကြုံနေရတဲ့ အခက်အခဲ အကျပ်အတည်းတွေကို ရေတိုမှာ ဖြေရှင်းနိုင်ပြီး ရေရှည်မှာ ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ဖို့ အတွက် မျှော်လင့်ထားပါတယ်**
တွေ့ဆုံမေးမြန်း | စာ ၉

**ရွှေဘိုမြို့ရှိ အောင်ဇေယျဈေးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်၊ ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူငါးဦး ထိခိုက်ဒဏ်ရာရရှိ**
ပြည်တွင်းသတင်း | စာ ၁၅

**တောင်ကိုရီးယားနိုင်ငံ၌ တောမီးကြောင့် သေဆုံးသူ ၂၄ ဦးရှိလာ**



နိုင်ငံတကာသတင်း | စာ ၁၇

# မြန်မာ့အလင်း

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၂၇ ရက်၊ ကြာသပတေးနေ့



## နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။




(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်၌ မိဘပြည်သူများ သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

*အချပ်ပို (ဃ) မှ*

ခရစ်ယာန်ဘာသာဝင် ကူကီး-ချင်းသူပုန်များကို ထောက်ပံ့ကူညီနိုင်ရေးအတွက် တောင်အာရှဒေသကိုဖြတ်၍ လမ်းကြောင်းဖောက်လုပ်ရန် ကြိုးပမ်းနေသည်မှာ ထင်ရှားကြောင်း အိန္ဒိယသတင်းစာတစ်စောင်နှင့် အင်တာဗျူးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့အပြင် ပြီးခဲ့သည့်နှစ် မတ်လအတွင်း အမေရိကန်နိုင်ငံခြားရေး အတိုင်ပင်ခံ ဒဲရစ်ချောလက်နှင့် K3C ခေါ် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ သုံးဖွဲ့တို့၏ ခေါင်းဆောင်များ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့သည်မှာလည်း ဆက်စပ်စဉ်းစားဖွယ်ပင်ဖြစ်သည်။

K3C ဆိုသည်မှာ KNU, KIO, KNPP, CNF တို့ဖြစ်ပြီး ၎င်းတို့၏ ယုံကြည်ကိုးကွယ်မှုအနေဖြင့် ခရစ်ယာန်ဘာသာဝင်တို့ အများစုဖြစ်သည်။ ဘာသာရေးကို အကြောင်းပြုကာ နောက်ထပ် မီးမွေးရန် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာဟူသောဟိန္ဒူ၊ အစ္စလာမ်၊ ဗုဒ္ဓကိုးကွယ်သည့်နိုင်ငံများကြားတွင် အနောက်အုပ်စုသစ္စာခံ ခရစ်ယာန်နိုင်ငံတစ်ခုကို ဖန်တီးကာ အာရှတွင် ပေါ်ထွန်းလာသည့် အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယတို့အကြားတွင် နေရာယူထားရန် ကြံစည်နေခြင်းမဟုတ်ဟု မည်သူ ဆိုနိုင်ပါမည်နည်း။

### မြို့ရွာများအကြမ်းဖက်တိုက်ခိုက်

**“နွားကွဲလျှင် ကျားဆွဲသည်”**ဆိုသည့် စကားပုံနှယ်ပင် အင်အားကြီးတို့က နိုင်ငံဘေးမှပတ်ကာ ကျားချောင်းချောင်းနေချိန်တွင် ပြည်တွင်း၌ NUG လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူ အမျိုးအမည်များစွာတို့က ဒေသအများအပြားတွင် တိုက်ခိုက်ဖျက်ဆီးနေကြသည်။ ထို့အပြင် လူမျိုးရေးအကြောင်းပြ EAO များကလည်း ဖြစ်ပေါ်လာသည့် အခြေအနေအပေါ် အခွင့်ကောင်းယူကာ ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ခါတ်များ မြှင့်တင်ခြင်း၊ လူမျိုးရေးမုန်းတီးမှုများ လှုံ့ဆော်ခြင်း၊ မြို့ရွာများကို အကြမ်းဖက်တိုက်ခိုက်၍ နယ်မြေချဲ့ထွင်ခြင်းတို့ကို ပြုလုပ်နေကြသည်။ လက်ရှိမိမိတို့နိုင်ငံ၏ အခြေအနေမှာ လွတ်လပ်ရေးရပြီး ဆယ်စုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှု ကာလနောက်ပိုင်းတွင် ဒုတိယမြောက် ဆိုးရွားသည့်ကာလဟု ဆိုနိုင်သည်။

### နိုင်ငံသားတိုင်းကာကွယ်စောင့်ရှောက်

ဤအခြေအနေအပေါ် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူ နိုင်ငံသူ၊ နိုင်ငံသားတိုင်းက စိုးရိမ်ကြောင့်ကြကြသည်။ အမြန်ဆုံးတည်ငြိမ်အေးချမ်းစေလိုပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ကာ စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေမည့်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းစေလိုကြသည်။ သို့ရာတွင် အဖျက်စိတ်ခါတ်၊ အမှောက်စိတ်ခါတ်ရှိသူ၊ ဆင်ခြင်တုံတရားကင်းမဲ့သူ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွန်းရောက်သူတို့ကမူ အားလုံးဖျက်ဆီး၍ အလုံးစုံပျက်စီးသွားပြီးမှ တစ်ကပြန်စမည်ဟု ယုတ္တိကင်းမဲ့စွာ ပြောဆိုကြသည်။ လက်တွေ့တွင်မူ ၎င်းတို့ကိုယ်တိုင်က ပြည်ပနိုင်ငံများတွင် နေထိုင်ကြသူ၊ ပြည်တွင်း၌လည်း အကြမ်းဖက်သောင်းကျန်းသူတို့ ထိန်းချုပ်ရာဒေသများမဟုတ်သည့် တရားဥပဒေစိုးမိုးရာ၊ လုံခြုံအေးချမ်းရာဒေသများတွင် နေထိုင်နေကြသူများသာဖြစ်သည်။ ဤသို့သောကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေ အရပ်ရပ်တို့အရ နိုင်ငံကို ကာကွယ်ရန်တာဝန်သည် တပ်မတော်တွင်သာမက နိုင်ငံသားတိုင်း၏ ပခုံးပေါ်သို့ ကျရောက်လာပြီဖြစ်သည်။ မြန်မာနိုင်ငံကို မြန်မာနိုင်ငံသားတိုင်းက မဖြစ်မနေ ကာကွယ်စောင့်ရှောက်ကြရတော့မည်။

* * *

မိမိတို့နိုင်ငံ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့သည်မှာ ၇၇ နှစ် ရှိခဲ့ပြီဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုမှ ပေါ်ထွန်းလာသည့် မြန်မာ့တပ်မတော်၏သက်တမ်းမှာ နှစ်ပေါင်း ၈၀ ကျော်ခဲ့ပြီဖြစ်သည်။ ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရန်အတွက် သခင်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်သည် ဂျပန်တို့ထံတွင် စစ်ပညာကို သင်ယူခဲ့ပြီး တပ်မတော်တစ်ရပ်ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မျိုးချစ်စိတ်ခါတ် ထက်သန်ပြင်းပြသည့် ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့သည်။ အင်္ဂလိပ်တို့ ဆုတ်ခွာသွားခဲ့ပြီးနောက် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က လွတ်လပ်ရေးပေးခဲ့သော်လည်း အတုအယောင်လွတ်လပ်ရေးသာဖြစ်ပြီး ဖက်ဆစ်တို့၏ ညှဉ်းပန်းနှိပ်စက်မှုများကို ပြည်သူလူထုမှာ ဆိုးရွားစွာ ခံစားခဲ့ရသည်။ အရင်းရှင်နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ရသော်လည်း ဖက်ဆစ်လက်အောက်သို့ ကျရောက်ခဲ့ရခြင်းမှာ နိုင်ငံနှင့် လူမျိုးတို့အတွက် ဆိုးရွားသည့်ကံကြမ္မာပင်ဖြစ်ရာ လွတ်လပ်ရေးကြိုးပမ်းခဲ့သည့် မြန်မာ့တပ်မတော်ကပင် ဦးဆောင်ကာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲ၍ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့ရသည်။

### တပ်မတော်ကကြီးမှူးပြီးတော်လှန်ခဲ့

အဆိုပါ တော်လှန်ရေးကြီး၏ အကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပသည့် ရန်ကုန်မြို့ ကန်တော်ကြီးနေသူရိန်အစည်းအဝေးကြီးတွင် မိန့်ခွန်းပြောကြားရာ၌ **“ မတ်လ ၂၇ ရက်နေ့က စပြီး တစ်ပြည်လုံးမှာ ကျုပ်တို့ တပ်မတော်က ကြီးမှူးပြီး ဂျပန်ကို တော်လှန်ခဲ့တယ်။ အဲဒီအရင်ကလည်း ရခိုင်ပြည်မှာရှိတဲ့ အရင် ၁၉၃၆ ခု ကျောင်းသားသပိတ်တုန်းက သပိတ်မှောက်အဖွဲ့ချုပ် လူကြီးတစ်ဦးဖြစ်ခဲ့တဲ့ ကိုညိုထွန်းက ကမကထလုပ်လို့ ဦးပညာသီဟက ခေါင်းဆောင်ပြီး ရခိုင်ပြည် အမျိုးသားများက မဟာမိတ်များပေးတဲ့ လက်နက်များနဲ့ ဂျပန်ကို ပုန်ကန်ခဲ့ကြတယ်။ ကျွန်တော်တို့ တိုင်းရင်းသားများဖြစ်တဲ့ ကချင်တို့၊ ချင်းတို့ကလည်း ဂျပန်ကို တိုက်ခဲ့တယ်။ ကရင်အမျိုးသားများလည်း ဒီကိစ္စမှာ စိုင်းပြင်းခဲ့တယ်။ နောက်ဆုံး သူတို့ဟာ တောင်ငူနယ်မှာအထူးသဖြင့်အောင်အောင်မြင်မြင်နဲ့ ဂျပန်ကို တိုက်ခိုက်ခဲ့ကြတယ်။ ကျွန်တော်တို့ တပ်မတော်မှာရှိတဲ့ ကရင်တပ်ရင်းကလည်း မြစ်ဝကျွန်းပေါ် အနောက်ပိုင်းကို တာဝန်ယူ တိုက်ခဲ့တယ်။**

**နောက် အထက်ဗမာပြည် မန္တလေးတစ်ဝိုက်မှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီးဗထူး ကြီးမှူးပြီး ကျုပ်တို့ တပ်မတော်က ဂျပန်ကို တိုက်ခိုက်ခဲ့တယ်။ ဗိုလ်မှူးကြီးဗထူး တိုက်ပေးတဲ့အတွက် မန္တလေးတိုက်ပွဲဟာ လျင်မြန်စွာအောင်မြင်ရတယ်ဆိုတာကို ဟိုတုန်းက ဗမာပြည် တိုက်ခိုက်ရေးကို ကြီးမှူးအုပ်ချုပ်ရတဲ့ မဟာမိတ်တပ်မတော် အမှတ် (၁၄) တပ်မှူး လက်ဖတင်နင် ဂျင်နရယ် ဆာဝီလီယံ ဆလင်း ကိုယ်တိုင် ရေဒီယိုက ချီးကျူးပြောခဲ့တယ်။ နောက်ကိုလည်း ဗိုလ်မှူးကြီးဗထူးဟာ မြို့တွေရွာတွေ အမြောက်အမြား သိမ်းပြီး ရှမ်းပြည်ဘက် တက်တိုက်ခဲ့တယ်။ ဗိုလ်မှူးကြီးဗထူးကို မဟာမိတ်ဒီဗီဇံတပ်မမှူးတိုင်းလိုလို သိကြတယ်၊ ချီးကျူးတယ်။ ၄ နံပါတ် တပ်မမှူးဖြစ်တဲ့ လက်ဖတင်နင် ဂျင်နရယ် မက်ဇာဗီက ဗိုလ်မှူးကြီးဗထူးရဲ့အကြောင်းကို လန်ဒန်ဂေဇက် (ဘိလပ်အစိုးရဂေဇက်) ထဲမှာ ထည့်ပြီး ကြေညာမယ်လို့ ပြောခဲ့တယ်။ နောက် မိတ္ထီလာမှာရှိခဲ့တဲ့ တပ်ရင်း ၅ ကလည်း ဂျပန်ကို တိုက်ခဲ့တယ်။ တစ်ပြည်လုံးမှာတော့ မတ်လ ၂၈ ရက်နေ့ကစပြီး တိုက်ခဲ့တယ်။**

**အဲဒီလိုတိုက်ခဲ့တဲ့အခါ တောင်ငူဘက်မှာ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ခွဲနဲ့ ကျုပ်တို့ တပ်မတော်က ဗိုလ်အကြပ် ၃၀ လောက် ကြီးမှူးပြီး ပြောက်ကျားတပ်များ သီးခြားဖွဲ့ပြီးလည်း တိုက်ခဲ့တယ်။ ကျုပ်တို့ တပ်မတော်နဲ့ ပြောက်ကျားတပ်တွေ တိုက်လိုက်တဲ့အတွက် ဂျပန်ပေါင်း နှစ်သောင်းထက်မနည်း ကျဆုံးခဲ့တယ်။ သုံ့ပန်းပေါင်း နှစ်ရာ၊ သုံးရာခန့် ဖမ်းမိတယ်။ ဂျပန်သုံ့ပန်း ဒီလောက်ဖမ်းနိုင်တယ်ဆိုတာ တော်တော်ကို ထူးခြားတယ်။ အခြားလူမျိုးတွေနဲ့ စစ်တိုက်ရတဲ့အခါ သုံ့ပန်းရဖို့လွယ်သလောက် ဂျပန်ကို သုံ့ပန်းရဖို့မလွယ်ဘူး။ ဒီအချက်ကို မဟာမိတ်တွေကိုယ်တိုင်က အသိအမှတ်ပြုကြတယ်။ နောက် ကျွန်တော်တို့ တပ်တွေသိမ်းတဲ့မြို့တွေ ရွာတွေ တိုက်ပွဲတွေအကြောင်း အစုံအလင်ကိုတော့ နောက်မှ စာအုပ်စာတမ်း ကျကျနန ထုတ်တဲ့အခါ ခင်ဗျားတို့ သိကြမှာပဲ။ ထူးခြားတဲ့အချို့အချက်တွေကို ဖော်ပြရရင် ဂျပန် လက်ဖတင်နင် ဂျင်နရယ် တစ်ယောက်၊ မေဂျာဂျင်နရယ် နှစ်ယောက်နဲ့ အခြားအရေးကြီးတဲ့ ဂျပန်အရာရှိ အမြောက်အမြားကို သတ်ဖြတ်ခဲ့တယ်။ တောင်ငူနယ်မှာ ပြောက်ကျားတပ်များက ကူညီတိုက်ခိုက်ခဲ့တဲ့အတွက် မဟာမိတ်တပ်များ ရန်ကုန်အရောက်မြန်ခဲ့တယ်ဆိုတာကိုလည်း မဟာမိတ်များက အသိအမှတ်ပြုခဲ့တယ်။ မှော်ဘီလေယာဉ်ပျံကွင်းမှာ ဂျပန်လေယာဉ်ပျံ သုံးစင်းကို ဖျက်ဆီးခဲ့တယ်။ ဂျပန်တွေ သိမ်းထားတဲ့ စပါးအမြောက်အမြား၊ ပစ္စည်းအမြောက်အမြားတွေကို အပြေးမြန်တဲ့အတွက် မီးမရှို့နိုင်ဘဲ ထားပစ်ခဲ့ရတယ်။ အဲဒါတွေထဲက အမြောက်အမြား ပစ္စည်းတွေကို စနစ်တကျနဲ့ နယ်သူနယ်သားတွေကို ဝေပေးနိုင်ခဲ့တယ်။ ပေါင်းတည်ဘက်မှ ချွေးတပ် ရှစ်ထောင်လောက်ကို ဂျပန်တွေဆီက ထွက်ပြေးသွားနိုင်အောင် လုပ်ခဲ့တယ်။ ရန်ကုန်မှာဆိုရင်လည်း ထောင်ကိုဖောက်၊ ဖမ်းထားတဲ့ရဲဘော်တွေ လွှတ်ပစ်လုပ်ခဲ့တယ်။ ကျွန်တော်တို့ တိုက်လိုက်တဲ့အတွက် ရန်ကုန်မြို့က ဂျပန်တွေ အပြေးမြန်ပြီး ဂျပန်အဖျက်အဆီး နည်းသွားတယ်။ နောက်ဆုံး စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်မှာ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့ကြတယ်။**

**ဒီလို ကျွန်တော်တို့တိုက်တာကို ဘိလပ်မှာရှိတဲ့သတင်းစာကြီးတွေကရော၊ ဥရောပတိုက်၊ အမေရိက၊ အိန္ဒိယ၊ တရုတ်ပြည်မှာရှိတဲ့ သတင်းစာကြီးတွေကရော ချီးကျူးရေးသားရတယ်။ အထူးသဖြင့် ဘိလပ်မှာရှိတဲ့ နာမည်အကြီးဆုံး လန်ဒန်တိုင်းမ် သတင်းစာကြီးက ခေါင်းကြီးပိုင်းကနေပြီး ကျကျနန ရေးသားရတယ်။ အရင်တုန်းက ဗမာပြည်ရဲ့အကြောင်းကို ဒီသတင်းစာခေါင်းကြီးပိုင်းက သာမညလောက် ရေးသားဖူးရုံပဲ ရှိတယ်။ ဒီတစ်ခါပဲ ကျကျနန ကျွန်တော်တို့ တပ်မတော်ကို ချီးကျူးရေးသားတယ်။ ဘိလပ်ပါလီမန်မှာရော၊ သူတို့ထုတ်တဲ့ စက္ကူပြာတို့ စက္ကူဖြူတို့မှာရော**

*အချပ်ပို (င) သို့*



# ကမ္ဘာတည်သရွေ့ . . .

☆ တပ်မတော် ခေတ်သမိုင်းကို
ဆစ်ပိုင်း၍ မြင်စေရာ၊
အမျိုးသားရေး အခြေခံကောင်းတို့
ကြောင်းရင်းမှန်စွာ၊
နယ်ချဲ့ရန် ဖက်ဆစ်မိုက်ကို
တိုက်ထုတ်ရင်း စခဲ့ရာ
ရခဲ့ပါ လွတ်လပ်ရေး၊
ခေတ်စနစ် အသွယ်သွယ်
အသစ်အသစ်တွေ သယ်လို့
"နှစ်ရှစ်ဆယ်" ခရီးပေါက် ရောက်ခဲ့ပြီလေး။

☆ တွင်းပရန် ဖြိုဖျက်ခွင်း
ဂုဏ်သတင်း အလီလီ၊
ဘယ်ရန်သူ သံမှုန့်စားသလဲ
ကြောင်ပုစွန် ကြွပ်ကြွပ်ဝါးသို့
ဖယ်ရှားခဲ့သည်၊
လွတ်လပ်ရေး အစွန့်ရှည်တည်
စွန့်ခဲ့သည် သွေးသက်များ၊
ရဲစိတ် ရဲမာန်..နှင့်
ရန်သူမှန် ကွက်ပြည့်နင်း ရှင်းခဲ့တကား။

☆ ယနေ့ခါ နယ်စွန်ဖျားက
ငမိုက်သား သောင်းကျန်းသူ၊
အတွေးတိမ် အစွန်းရောက်
ဖောက်ပြန်တဲ့မှု၊
ခဏတာ အလံထူ
ပမာတူ ခွေးရူးမျှ၊
အမြဲတမ်း ယခင်ပမာသို့
(တပ်မတော်ကတော့လေ...)
ရဲစွမ်း.. အစဉ်အလာနှင့်
နည်းပညာ ထပ်ဆင့်လောင်း
အောင်ကြောင်းသာပါ့။

☆ အမျိုးသားရေး အစဉ်ရှေးရှု
ပြည်ထောင်စု တပ်မတော်၊
မယိမ်းမယိုင် မကွေ့မကောက်
လျှောက်ခဲ့ပါသော်၊
"ရှစ်ဆယ်" မှ ရာထောင်ကျော်
သိန်းသောင်းနှော် ကာလများ၊
ကမ္ဘာတည်သရွေ့ တည်စေသော်
ဇာနည်မော် သားကောင်းများ၊
သည်ရေ.. သည်မြေ..နှင့်
သည်မျိုးဆွေ စဉ်မပျောက်အောင်
စောင့်ရှောက်နေတကား။ ။

**မောင်စိမ်းနောင် (လယ်ဝေး)**

*အချုပ်ပို (ခ) မှ*

**ကျုပ်တို့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးနဲ့ တပ်မတော်တို့အကြောင်းကို အရေးတယူ ပြောဆိုရေးသားရတယ်။ ဒါတောင်သူတို့ ကျုပ်တို့ တိုက်တာတွေ အကုန်မပြောသေးဘူး။ ထိန်နိုင်သလောက် ထိန်ထားသေးတယ်"** ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

### သံသယများဖြစ်ပေါ်အောင်ပြုလုပ်

အရင်းရှင်နယ်ချဲ့ကို မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ထုတ်ခဲ့ခြင်း၊ ဖက်ဆစ်ကို တော်လှန်ခဲ့ခြင်းနှင့် နိုင်ငံလွတ်လပ်ရေးကို ရယူခဲ့ခြင်းတို့ကို လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက တစ်မျိုးသားလုံး၏ ခေါင်းဆောင်ကောင်းနှင့် တပ်မတော်၏ ဦးဆောင်မှုနောက်တွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း အတူတကွ ပူးပေါင်းလိုက်ပါ အောင်ပွဲရယူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ သို့ရာတွင် နယ်ချဲ့လက်အောက်ခံဘဝ ကျရောက်ခဲ့ရသည့် ဆိုးမွေများက မြန်မာနိုင်ငံ၏သမိုင်းကို လက်ရှိအချိန်အထိ ဆက်လက်ဖန်တီးနေဆဲဖြစ်သည်။ ကိုလိုနီနိုင်ငံဘဝတွင် ပဒေသရာဇ်စနစ်နိဂုံးချုပ်သွားခဲ့ပြီးနောက် နိုင်ငံတွင် အခိုင်အမာ အင်စတီကျူးရှင်း မကျန်ရှိခြင်း၊ ဗမာနှင့် တိုင်းရင်းသားများအကြား အုပ်ချုပ်မှုပုံစံခွဲခြား၍ ကွဲပြားခြားနားမှု နက်ရှိုင်းအောင် ဖန်တီးခြင်းနှင့် သံသယများဖြစ်ပေါ်အောင် စနစ်တကျ ပြုလုပ်ခဲ့ခြင်းတို့က ယခုတိုင် ဖြေရှင်းရန်ခက်ခဲနေဆဲဖြစ်သည်။

### လက်နက်ကိုင်လမ်းစဉ်သို့လိုက်ခဲ့

နိုင်ငံတွင် နိုင်ငံရေးအားကောင်းပြီး နိုင်ငံရေးယဉ်ကျေးမှု ထွန်းကားမည်၊ နိုင်ငံရေးအလိုမကျမှုနှင့် နိုင်ငံရေးပြဿနာတို့ ဖြစ်ပေါ်လာခဲ့လျှင်လည်း နိုင်ငံရေးနည်းလမ်းဖြင့် ကျေလည်အောင် ဖြေရှင်းနိုင်ကြမည်ဆိုလျှင် စစ်ရေးဟူသည် နောက်တန်းတွင်သာ ထားရစမြဲ။ သို့ရာတွင် မိမိတို့နိုင်ငံသည် ကိုလိုနီဘဝ ကျရောက်သည်မှစကာ လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက်တို့တွင် နိုင်ငံရေးပြုစုပျိုးထောင်မှု အားနည်းခဲ့သည်။ ထိုအခါ သမိုင်းပေးအခြေအနေအရ နိုင်ငံ၏ တစ်ခုတည်းသော အခိုင်အမာ အင်စတီကျူးရှင်းဖြစ်သည့် တပ်မတော်က နိုင်ငံ့အရေးအရာများတွင် အရေးကြုံလာသည့်အခါ မဖြစ်မနေ ဝင်ပါလာရသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများနှင့် ဥပဒေမဲ့ ပြုကျင့်မှုများက နိုင်ငံကို အရေးပေါ်အခြေအနေဆီသို့ ကျရောက်စေခဲ့သည့်အပြင် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် ဒေသအသီးသီးဆီသို့ ပြန်လွှတ်ပေးခဲ့သည့် ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များကလည်း သပိတ်စုံ သူပုန်ထ၍ အကြမ်းဖက်အဖွဲ့အစည်းအသီးသီးတို့ထောင်ကာ လက်နက်ကိုင်သောင်းကျန်းမှုလမ်းစဉ်သို့ လိုက်ခဲ့ကြသည်။

ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေး၊ လူမျိုးစုလွတ်မြောက်ရေး၊ စစ်အာဏာရှင်ကျဆုံးရေး စသည့်ခေါင်းစဉ်အမျိုးမျိုးတို့၏အောက်တွင် လေးနှစ်ကျော်ကြာ အဖျက်အမှောင့် အကြမ်းဖက်လုပ်ခဲ့ကြသည့် လက်ရှိအခြေအနေ၊ ပကတိမြင်ကွင်းတို့မှာ ရှင်းလင်းစွာ တွေ့မြင်နေကြရပြီဖြစ်သည်။ ကမ်ပိန်းအမည်အမျိုးမျိုးတပ်၍ စာရင်းမရှိ၊ အင်းမရှိ အလှူခံခဲ့ကြသည့် ထောက်ပို့ဆိုသူများ မယုံကြည်နိုင်ဖွယ်ရာ ချမ်းသာနေကြသည်။ အိမ်နီးချင်းနိုင်ငံတွင် ပန်းကန်ဆေး၊ အိုးတိုက်အဆင့် လုပ်ကိုင်ခဲ့ကြရသူတို့မှာလည်း ထောက်ပို့အမည်ခံ၍ ဆီးသီးဗန်းအမှောက်တွင် ကြီးပွားသွားကြသည်။ လေလှိုင်းအစိုးရအမည်ခံသူတို့မှာလည်း ငွေကြေးအရှုပ်အရှင်း၊ လိင်ကိစ္စမှုခင်းအရှုပ်အရှင်း၊ အချင်းချင်းလုပ်ကြံသတ်ဖြတ်မှု အရှုပ်အရှင်းများပွေလီကာ မည်သူကမျှ လေးစားယုံကြည်မှုမရှိသည့် လူတစ်စုဖြစ်နေသည်။ တစ်တော တစ်ကြက်ဖ တွန်နေသည့် ပြည်တွင်း PDF တို့မှာလည်း လမ်းကြေး၊ ဂိတ်ကြေးကောက်ခြင်း၊ ကေတီဗွီ၊ အနှိပ်ခန်းနှင့် ဇိမ်ခန်းဖွင့်ခြင်း၊ ရေနံခိုး၊ သစ်ခိုး၊ တရားမဝင်ရွှေတူးခြင်းတို့ဖြင့် ခေါင်းဆောင်လုပ်သူတို့ ချမ်းသာနေကြသည်။

### အကြမ်းဖက်လက်နက်ကိုင်တိုက်ခိုက်

လူမျိုးစုအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ မြင်ကွင်းတွင်လည်း ညီနောင် မဟာမိတ်များဟူသည့် ခေါင်းစဉ်အောက်မှ လက်သီးထိုးပွဲများ၊ အုပ်စုဖွဲ့ရိုက်ပွဲများ၊ အင်အားဖြင့် အနိုင်ကျင့် ဗိုလ်ကျပွဲများကို နေ့စဉ်မပြတ်ဆိုသလို မြင်တွေ့နေရသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ၏ ရင်နှစ်သည်းချာများနှင့် ဖွဲ့စည်းထားသည့် မြန်မာ့တပ်မတော်ကို လူမျိုးကြီးဝါဒကျင့်သုံးသည်ဟု စွပ်စွဲခဲ့ကြသည့် EAO တို့၏ လူမျိုးရေးအစွဲအလမ်းများမှာမူ အံ့သြစရာကောင်းလောက် အောင်ပင် ကျဉ်းမြောင်းလွန်းလှသည်။ အကြမ်းဖက်လက်နက်ကိုင် တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် နိုင်ငံတစ်ဝန်းတွင် ဖြစ်ပေါ်နေသည့် မြို့ပျက်၊ ရွာပျက် မြင်ကွင်းများ၊ ဆက်သွယ်သွားလာမှု ကင်းမဲ့သွားသည့် လမ်းမများနှင့် လမ်းတံတား အပျက်အစီးများ၊ တစ်ချိန်က စည်ကားခဲ့သော်လည်း ယခု ဖုန်းဆိုးတောသဖွယ်ဖြစ်သွားသည့် အပန်းဖြေနေရာများ၊ ပိုမိုများပြားလာသည့် ဂူသင်္ချိုင်းများ စသည်ဖြင့် မြင်ကွင်းကျယ်တစ်ခုလုံးမှာ အနိဋ္ဌာရုံများသာဖြစ်သည်။

ဤမြင်ကွင်းများ၏ တစ်ဖက်တွင်မူ ပိုမိုကြီးမားကျယ်ပြန့်သည့် မြင်ကွင်းကြီးအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် အားထုတ်ကြိုးပမ်းမှုတို့ မြင်တွေ့နေရသည်။ အခက်အခဲများနှင့် စိန်ခေါ်မှုများ ရှိနေသော်ငြား လုံ့လဝီရိယနှင့် ရင်ဆိုင်ကျော်လွှားမှုတို့ ရှိနေသည်။

ဘာသာ၊ ယဉ်ကျေးမှုနှင့် လောကပါလတရားတို့ ရှိနေသည်။ အထူးသဖြင့် ယခုနှစ်ကုန် လာမည့် နှစ်ဆန်း အေးချမ်းသည့်အခါသမယတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပနိုင်ရန် မဆုတ်မနစ်သော သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းနေသည်။ ကာလယန္တရားသည် နောက်သို့မသွား၊ ရှေ့သို့သာသွားနေသည်။ ပြည်တွင်း၌ ဖြစ်ပေါ်နေသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် နယ်မြေချဲ့ထွင်တိုက်ခိုက်မှုများကို ဖယ်ရှားရှင်းလင်းရမည်ဖြစ်သလို ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများနှင့် မိမိနိုင်ငံပိုင်နက်နယ်နိမိတ်ကို ဖဲ့ယူလိုသူ ပြည်ပဘေးအန္တရာယ်တို့ကိုလည်း ကာကွယ်သွားရန်လိုသည်။

### တပ်မတော်၏ဦးဆောင်မှုခံယူ

နိုင်ငံကို တည်ဆောက်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း တာဝန်နှစ်ရပ်ကို ထမ်းဆောင်ရာတွင် ပြည်ထောင်စုဖွား ပြည်သူများ၏ ရင်နှစ်သည်းချာများနှင့် ဖွဲ့စည်းထားသည့် တပ်မတော်၏ ဦးဆောင်မှုကို ခံယူရေး၊ တပ်မတော်အင်အား တောင့်တင်းခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ရာတွင် ပါဝင်ကူညီရေး၊ ပြည်သူလူထုတစ်ရပ်လုံး တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကာ တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။





(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လေယာဉ်များက မီးအလှများတပ်ဆင်၍ ပျံသန်းကြစဉ်။






(၇၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ကြစဉ်။

# နိုင်ငံတော် ပြည်အရေး

## ခွန်အားသစ်

☆ **ဆက်စပ်စဉ်းစားဖွယ်ရာ အကြောင်းအရာမှာ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာ ၂၀၂၄ ခုနှစ် မေလအတွင်းက ကျင်းပသည့် မဟာမိတ်ပါတီများ အစည်းအဝေးအတွင်း ထုတ်ဖော်ပြောကြားခဲ့သည့် အနောက်အုပ်စု၏ လျှို့ဝှက်အကြံ အစည်ပင်ဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် ရှိတ်ဟာဆီနာက "ဘင်္ဂလားဒေ့ရှ် နိုင်ငံ စစ်တကောင်းဒေသနှင့် မြန်မာနိုင်ငံမှ နယ်မြေများ ပါဝင်သော ခရစ်ယာန် နိုင်ငံသစ်တစ်ခု ဖန်တီးရန်အတွက် ဘင်္ဂလားဒေ့ရှ်ပင်လယ်အော်ဒေသတွင် လေတပ် စခန်းတစ်ခု တည်ဆောက်ခွင့်ပေးရန် လူဖြူတစ်ဦးက ၎င်းအား လာရောက်ကမ်းလှမ်း ခဲ့ကြောင်းနှင့် ဤကိစ္စကိုသဘောတူပါက ရွေးကောက်ပွဲတွင် မည်သည့်အနှောင့် အယှက် အဟန့်အတားမျှမဖြစ်စေဘဲ အောင်မြင်စွာပြီးစီးစေရမည်ဟု အာမခံခဲ့ ကြောင်းနှင့် ထိုကမ်းလှမ်းချက်ကို ၎င်းက သဘောမတူ ပယ်ချခဲ့ကြောင်း" ပြောကြားခဲ့**

အမေရိကန်နှင့် ဗြိတိန်နိုင်ငံသားများ အပါအဝင် နိုင်ငံခြားသားများသည် လက်နက်ကိုင် သောင်းကျန်းသူများအား စစ်လက်နက်သင်တန်းများ ပို့ချပေးနိုင်ရန် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်နေကြကြောင်း မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ် လာလ်ဒူဟိုးမားက ပြီးခဲ့သည့် မတ်လ ၁၀ ရက်နေ့တွင် ကျင်းပသည့် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း The Times of India သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

**ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန်**

ယမန်နှစ် ဇွန်လမှ ဒီဇင်ဘာလအတွင်း မီဇိုရမ်ပြည်နယ် အိုက်ဇောမြို့သို့ နိုင်ငံခြားသား ၂၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့ကြရာတွင် ၎င်းတို့အား လမ်းမများပေါ်မှာ မတွေ့ရကြောင်းနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန်ဟူသော အဓိက ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ကြခြင်း ဖြစ်သည့်အတွက် စိုးရိမ်ဖွယ်ရာဖြစ်ကြောင်းလည်း မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်ဟု သတင်း၌ ပါရှိသည်။ သတင်းတွင် ဖော်ပြချက်များအရ မကြာခင်က ကြိုတင် အသိပေးခြင်းမရှိဘဲ မီဇိုရမ်ပြည်နယ်သို့ အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး လာရောက်လည်ပတ်ခြင်းမှာ အံ့အားသင့်ဖွယ်ဖြစ်ကြောင်းနှင့် အိန္ဒိယအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနက မဏိပူရ၊ နာဂလန်းနှင့် မီဇိုရမ်နယ်စပ် တစ်လျှောက် နိုင်ငံခြားသားများ သွားလာ လှုပ်ရှားမှုကို စောင့်ကြည့်ရန် ညွှန်ကြား ထားကြောင်းဟူ၍လည်း သိရှိရသည်။

ဆက်စပ်စဉ်းစားဖွယ်ရာ အကြောင်း အရာမှာ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာ ၂၀၂၄ ခုနှစ် မေလအတွင်း က ကျင်းပသည့် မဟာမိတ်ပါတီများ အစည်းအဝေးအတွင်း ထုတ်ဖော်ပြောကြား ခဲ့သည့် အနောက်အုပ်စု၏ လျှို့ဝှက်အကြံ အစည်ပင် ဖြစ်သည်။ အဆိုပါအစည်း အဝေးတွင် ရှိတ်ဟာဆီနာက "**ဘင်္ဂလား ဒေ့ရှ်နိုင်ငံ စစ်တကောင်းဒေသနှင့် မြန်မာ နိုင်ငံမှ နယ်မြေများပါဝင်သော ခရစ်ယာန် နိုင်ငံသစ်တစ်ခု ဖန်တီးရန်အတွက် ဘင်္ဂလားဒေ့ရှ် ပင်လယ်အော်ဒေသတွင်** လေတပ်စခန်းတစ်ခု တည်ဆောက်ခွင့် ပေးရန် လူဖြူတစ်ဦးက ၎င်းအား လာရောက်ကမ်းလှမ်းခဲ့ကြောင်းနှင့် ဤ ကိစ္စကို သဘောတူပါက ရွေးကောက်ပွဲ တွင် မည်သည့်အနှောင့်အယှက် အဟန့် အတားမျှ မဖြစ်စေဘဲ အောင်မြင်စွာ ပြီးစီးစေရမည်ဟု အာမခံခဲ့ကြောင်းနှင့် ထိုကမ်းလှမ်းချက်ကို ၎င်းက သဘောမတူ ပယ်ချခဲ့ကြောင်း" ပြောကြားခဲ့သည်။

လက်တွေ့တွင်လည်း ရှိတ်ဟာဆီနာ သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက် အောင် လုပ်ပေးနိုင်ခဲ့ပြီး ရွေးကောက်ပွဲ တွင်ပါ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပါ လျက်နှင့် ဆူပူအုံကြွမှု အကြီးအကျယ် ဖြစ်ပေါ်လာခြင်းကြောင့် ရာထူးမှ နုတ်ထွက်ကာ နိုင်ငံမှ ထွက်ပြေးခဲ့ရသည်။

**ရေတပ်စခန်းတည်ဆောက်ခွင့်ရရေး**

တစ်ဆက်တည်းမှာပင် ဘင်္ဂလားဒေ့ရှ် အဝါမီလိဂ် ပါတီခေါင်းဆောင်တစ်ဦးက အမေရိကန်သည် နတ်မြစ်ဝရှိ စိန့်မာတင် ကျွန်းတွင် ရေတပ်စခန်းဌာနချုပ်တစ်ခု တည်ဆောက်ထားရှိခွင့်ရရှိရေး ကာလ ရှည် ကြိုးပမ်းနေခဲ့ကြောင်း၊ အမေရိကန် သည် NUG နှင့် PDF ကဲ့သို့ အစိုးရဆန့်ကျင် ရေး အင်အားစုများနှင့် မြန်မာနိုင်ငံ ချင်းပြည်နယ်ရှိ

*အချပ်ပို (ခ) သို့*